မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ နယုန်လဆန်း ၁၀ရက်၊ ၂၀၁၀ ခုနှစ်၊ မေ ၂၂ ရက်၊ စနေနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၂၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မန္တလေးတိုင်း စဉ့်ကူးမြို့နယ် မန္တလေး-မတ္တရာ-မိုးကုတ်လမ်းပေါ်ရှိ (၂၃၉) စင်းမြောက် ကျောက်အိုးတံတားဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မေ ၂၁

မန္တလေးတိုင်း စဉ့်ကူးမြို့နယ် မန္တလေး-မတ္တရာ-မိုးကုတ်လမ်းပေါ်ရှိ ကျောက်အိုးတံတားဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါ တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူ အင်အား ၂၅၀၀ကျော်ခန့် တက်ရောက်အားပေးခဲ့ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေက အမှာစကားပြောကြားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးခင်မောင်မြင့်က တံတားတည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ ●

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်တို့ ကျောက်အိုးတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။ (ဆောက်လုပ်ရေး)

ကရင်ပြည်သူ့ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် မေ ၂၁

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၄၆/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၄၆/၂၀၁၀)
၁၃၇၂ခုနှစ်၊ နယုန်လဆန်း ၉ ရက်
(၂၀၁၀ပြည့်နှစ်၊ မေလ ၂၁ ရက်)

ကရင်ပြည်သူ့ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ (၃)ရပ်ကွက်၊ တော်ဝင်လမ်း၊ အမှတ်(၅၁)တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော ကရင်ပြည်သူ့ပါတီအား ၂၀၁၀ ပြည့်နှစ်၊ မေလ ၂၁ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ကရင်ပြည်သူ့ပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၉) ဖြစ်ပါသည်။

အမိန့်အရ
(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

''ဝ''အမျိုးသားစည်းလုံးညီညွတ်ရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် မေ ၂၁

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၄၇/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၄၇/၂၀၁၀)
၁၃၇၂ခုနှစ်၊ နယုန်လဆန်း ၉ ရက်
(၂၀၁၀ပြည့်နှစ်၊ မေလ ၂၁ ရက်)

''ဝ''အမျိုးသားစည်းလုံးညီညွတ်ရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ (၁)ရပ်ကွက်၊ နယ်မြေ(၂)၊ ဗျူဟာလမ်း၊ အမှတ်(၁၇)တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော ''ဝ''အမျိုးသားစည်းလုံးညီညွတ်ရေးပါတီအား ၂၀၁၀ ပြည့်နှစ်၊ မေလ ၂၁ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

''ဝ''အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၁၀) ဖြစ်ပါသည်။

အမိန့်အရ
(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မေ ၂၂ ရက်)

တည်ငြိမ်အေးချမ်းမှုနှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်း

မြန်မာနိုင်ငံသည် ရှည်လျားသော သမိုင်းတစ်လျှောက်လုံးတွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်နိုင်ခဲ့သည်။ ပြည်ထောင်စုဖွား တိုင်းရင်းသား သွေးချင်းများသည် တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြ၍ တစည်းတလုံးတည်း နေထိုင်လာခဲ့ကြပြီး အချုပ်အခြာအာဏာကို လက်တွဲကာကွယ်စောင့်ရှောက်ခဲ့ကြသည့် အစဉ်အလာကောင်းများရှိခဲ့သည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ နယ်ခြားစောင့်တပ် ဖွင့်လှစ်ခြင်းအခမ်းအနားကို မေလ ၁၈ရက်နေ့က တာချီလိတ်မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ ငြိမ်းချမ်းရေးပန်းခင်းတေးသီချင်း သီဆို၍ တိုင်းရင်းသားရိုးရာအကများဖြင့် ပျော်ရွှင်စွာ ကခုန်ဆင်နွှဲခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို မှန်မြတ်သောရည်မှန်းချက်ဖြင့် ကာကွယ်စောင့်ရှောက်ရသည့် နယ်ခြားစောင့်တပ်အဖြစ် အောင်မြင်စွာ ပြောင်းလဲတာဝန်ထမ်းဆောင်နိုင်ခြင်းသည် ငြိမ်းချမ်းရေးမှတစ်ဆင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဖော်ဆောင်သွားနိုင်မည် ဖြစ်သည်။

တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု စိတ်ဓာတ်အပြည့်အဝဖြင့် ပြည်သူ့စစ်(ဌာနေ) တာဝန်ထမ်းဆောင်ခဲ့ကြသောအဖွဲ့များသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို နယ်ခြားစောင့်တပ်အဖြစ်ပြောင်းလဲပြီး တာဝန်ထမ်းဆောင်ခွင့်ရရှိခဲ့ပြီဖြစ်၍ ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာပင် ဖြစ်သည်။

ဒေသခံတိုင်းရင်းသားများသည်လည်း ၎င်းတို့၏လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက်လည်းကောင်း၊ နယ်စပ်ဒေသများ ထာဝစဉ်ငြိမ်းချမ်းရေးအတွက်လည်းကောင်း မိမိဒေသတွင် နယ်ခြားစောင့်တပ် ဖွဲ့စည်းဖြစ်ပေါ်လာမှုကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုအားပေးလျက်ရှိသည်။

သို့ဖြစ်ပေရာ နယ်ခြားစောင့်တပ်ဖွဲ့များသည် ပြည်ထောင်စုစိတ်ဓာတ်အခြေခံ၍ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ပြီး ဒေသ၏ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်နှင့်အတူ စွမ်းစွမ်းတမံ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

သစ်တောရေးရာဝန်ကြီး ဦးသိန်းအောင် ASEAN-WEN ကိုယ်စားလှယ်များအား ညစာစားပွဲဖြင့်တည်ခင်းဧည့်ခံ

နေပြည်တော် မေ ၂၁

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသော အာဆီယံဒေသ တောရိုင်းတိရစ္ဆာန်များ တရားမဝင် ကူးသန်းရောင်းဝယ်မှု တားဆီးရေးကွန်ရက် (ASEAN-WEN) (၅)ကြိမ်မြောက်အစည်းအဝေးသို့ တက်ရောက်လျက်ရှိသော ကိုယ်စားလှယ်များအား သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်က တည်ခင်းဧည့်ခံသော ညစာစားပွဲကို မေ ၁၉ရက် ညနေပိုင်းတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ် Lake View Hall ၌ ကျင်းပသည်။

တက်ရောက်

ညစာစားပွဲသို့ သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အခြားဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အာဆီယံ(၁၀)နိုင်ငံမှ ကိုယ်စားလှယ်များ၊ASEAN-WENနှင့် သက်ဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

နှုတ်ခွန်းဆက်စကား

ညစာစားပွဲတွင် ဝန်ကြီး ဦးသိန်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး တက်ရောက်လာကြသော ကိုယ်စားလှယ်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြောင်း သတင်းရရှိသည်။ **(အပေါ်ဝဲပုံ)**

(သတင်းစဉ်)

ငွေနှလထုတ် တေဇရုပ်စုံ စာစောင်ထွက်ရှိ

နေပြည်တော် မေ ၂၁

ကျေးငှက်တို့၏ လှပဆန်းပြား သဘာဝတရား မျက်နှာဖုံးဓာတ်ပုံနှင့်အတူ မန်းတင့်မော်၊ ခြိမ့်နိုင်တို့၏ ကဗျာများ၊ ရွှေကိုဦး၊ လွမ်းမောင်၊ ဆွေချစ်၊ ဖိုးတာ၊ ဟန်ဇော်စိုး၊ မျိုးမြင့်အောင်တို့၏ တေဇအရွယ် ကလေးငယ်တို့အတွက် ပညာပေးလက်ရာမြောက် ကာတွန်းများ၊ မင်းထွန်းဦးနှင့် မောင်မိုးတို့၏ ဆောင်းပါးများ၊ သီတဂူ(ကျောက်ဆည်)၏ ပုံပြင်ရှည်၊ Waddi Oo ၏ English for Tayza ကဏ္ဍ၊ ကာတွန်းမောင်ဒင်၏ အဖြေညှိစရာ ပဟေဠိပါ၊ ကလေးတို့၏ အတွေး၊ ကလေးတို့၏အရေး ကဗျာတိုလေးများကို အားပါးတရ ဖတ်ရှုကြရမည်ဖြစ်ပြီး တေဇရုပ်စုံ စာစီစာကုံးပြိုင်ပွဲဆုစာရင်းနှင့် ဒုတိယဆုရ ကျောင်းသူလေး မခင်ဆုဝေ၏ ဆုရစာစီစာကုံး ပါရှိသည်။

ဝယ်ယူဖတ်ရှုနိုင်

တေဇရုပ်စုံစာစောင်ကို အမှတ်၁၈၁၊ (၃၂)လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄နှင့် အမှတ်(၁၅)တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅)ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၈၂၇၃ တို့သို့ မှာကြားဝယ်ယူဖတ်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

Flight Attendant, Receptionist အဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်မည့် သင်တန်းအပတ်စဉ်သစ် ဖွင့်မည်

ရန်ကုန် မေ ၂၁

နိုင်ငံတကာလေကြောင်းလိုင်းများတွင် Flight Attendant တစ်ယောက်အဖြစ် ဝင်ရောက်လုပ်ကိုင်လိုသူများနှင့် နိုင်ငံတကာ Hotel များ၊ သင်္ဘောလိုင်းများတွင် Receptionist တစ်ယောက်အဖြစ် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ Receptionist & Flight Attendant သင်တန်းကို မေလ စတုတ္ထပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည် ဖြစ်သည်။

အတွေ့အကြုံ

အပြည်ပြည်ဆိုင်ရာ လေကြောင်းပို့ဆောင်ရေး အဖွဲ့အစည်း အသိအမှတ်ပြု သင်ရိုးညွှန်းတမ်းများ၊ Institute of Hospitality (UK) နှင့် Educational Institute of AH & LA (USA) မှ သတ်မှတ်ထားသော Course Guide Line များကို နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ၊ ဆရာမများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် စနစ်တကျသင်ကြားပေးမည်ဖြစ်သည်။

သင်ကြားမည်

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy တွင် မေလ စတုတ္ထပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက် ၂၆၇အခန်း ၃၀၂ ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆နှင့် ၀၉-၅၀-၂၀၃၀၂ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမိုးရန်နိုင်တို့ကြီးကြပ်၍ တောင်ပေါ်ရေလှောင်ကန်ကို ပြုပြင်ပြီးနောက် မေ ၁၄ရက်က မြို့ရေပေးရေးအတွက် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၅-၂၀၁၀(စနေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **အသိအမြင် ရှင်းကြပါစေ** တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
- ၆:၅၅ ရှုတိုင်းလှသည့် ပထက်တောင် အတုလရုံသီ
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာ ကျောင်းသားဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲ)
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၁၈)
- ၈:၃၀ Sports World (Premier League World)
- ၈:၅၅ Activities in the City (ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းဖွဲ့စည်းခြင်းနှင့် အလှူငွေပေးအပ်ပွဲ)
- ၉:၂၀ မပြတ်ဦးတင် ကန့်ဘလူနယ်မှ အာစရိယဂုဏ်အင်
- ၉:၄၅ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀:၄၅ အနာဂတ်ရဲ့ အလင်းရောင် II
- ၁၀:၅၅ အယသမ်ဂီတို့ ဖြစ်တည်ရာ····
- ၁၁:၀၀ သွားမယ်စားမယ် (Chiangmai Village Restaurant)
- ၁၁:၂၅ ဂီတ····သူဘယ်လိုဖန်တီးခဲ့ (ဂီတမှူး မင်းရဲထွဋ်)
- ၁၁:၅၅ ဘဝများ (ပန်းချီသိန်းရွှေကြည်)
- ၁၂:၁၅ လရောင်အေးထဲက လေးနက်သော အိပ်မက်များ
- ၁၂:၃၀ ခံစားမှုရသစုံလင်···· အမျိုးသားကန်တော်ကြီးဥယျာဉ်
- ၁:၀၀ **အသိအမြင် ရှင်းကြပါစေ** တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival (We Love You Michael-2)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၁၈)
- ၄:၀၅ တိုးတက်မှုအစုံစုံ စစ်ကိုင်းမြို့ရဲ့ မြင်ကွင်းအဖုံဖုံ
- ၄:၂၀ ရန်ကုန်မြင်ကွင်းကျယ် (ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာ ကျောင်းသားဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲ)
- ၄:၄၀ အနာဂတ်ရဲ့ အလင်းရောင် II
- ၄:၅၀ မပြတ်ဦးတင် ကန့်ဘလူနယ်မှ အာစရိယဂုဏ်အင်
- ၅:၁၅ လရောင်အေးထဲက လေးနက်သော အိပ်မက်များ
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ သွားမယ် စားမယ် (Chiangmai Village Restaurant)
- ၆:၄၀ ဘဝများ (ပန်းချီသိန်းရွှေကြည်)
- ၆:၅၅ Fashion Music Festival (We Love You Michael-2)
- ၇:၄၀ ရန်ကုန်မြင်ကွင်းကျယ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန (၄၆)ကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာ
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ MRTV-4 ကျန်းမာရေးကဏ္ဍ ကမ္ဘာ့အသည်းရောင် အမှတ်တရနေ့ အထိမ်းအမှတ် အသည်းရောင် အသားဝါရောဂါ အကြောင်း သိကောင်းစရာများ (ပါမောက္ခ ဒေါက်တာ ဦးသံစစ် သရုပ်ဆောင်မင်းဦး၊ ချမ်းငြိမ်းသူ)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၁၈)
- ၁၀:၀၀ Activities in the City (ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းဖွဲ့စည်းခြင်းနှင့် အလှူငွေပေးအပ်ပွဲ)
- ၁၀:၂၅ ဂီတ····သူဘယ်လိုဖန်တီးခဲ့ (ဂီတမှူး မင်းရဲထွဋ်)
- ၁၀:၅၀ ရန်ကုန်မြင်ကွင်းကျယ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန (၄၆)ကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာ
- ၁၁:၀၀ MRTV-4 ကျန်းမာရေးကဏ္ဍ ကမ္ဘာ့အသည်းရောင် အမှတ်တရနေ့ အထိမ်းအမှတ် အသည်းရောင် အသားဝါရောဂါ အကြောင်း သိကောင်းစရာများ (ပါမောက္ခ ဒေါက်တာ ဦးသံစစ် သရုပ်ဆောင်မင်းဦး၊ ချမ်းငြိမ်းသူ)
- ၁၁:၅၀ အယသမ်ဂီတို့ ဖြစ်တည်ရာ····
- ၁၁:၅၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် မေ ၂၁

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့ တည်ထောင်လိုသော ပါတီ၏အမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်လျှောက်ထားလျက်ရှိကြရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးပါတီ (ပြည်)က ၂၀၁၀ခုနှစ် မေ ၂၁ရက်တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့်လျှောက်ထားသည့် အဖွဲ့ (၄၀)အနက် အဖွဲ့ (၃၄)ဖွဲ့ကို နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်လျှောက်ထားသည့် အဖွဲ့ (၂၄)ဖွဲ့အနက် အောက်ဖော်ပြပါအဖွဲ့များသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ခုနှစ် မေ ၂၁ရက်တွင် နိုင်ငံရေးပါတီများအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်သည်-

(၁) ကရင်ပြည်သူ့ပါတီ

(၂) "ဝ" အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ

(၃) ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ် (UNION KAYIN LEAGUE)

ယနေ့အထိ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ (၂၄)ပါတီအနက် ပါတီ (၁၁)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၂-၅-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာ့သံစဉ် ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၅ ၂။ အဖွင့်သီချင်း
- ၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁:၃၀ ၄။ ကာတွန်းအစီအစဉ် **အမွှာစုံထောက်** (အပိုင်း-၅)
- ၁၂:၀၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **အချစ်ဒဏ်** လူမင်း၊ ဇေယျာ၊ အိန္ဒြာကျော်ဇင် [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]
- ၁၃:၃၀ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၄:၀၀ ၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ ချစ်ရိပ်** (အပိုင်း-၃၆)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၃၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွှဲ
- ၄:၃၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄:၄၅ ၅။ မြန်မာ့သံစဉ် ချိုနားဝင်
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅:၂၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၄၀ ၉။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၂။ လျှပ်တစ်ပြက်
- ၆:၃၀ ၁၃။ **စားဖိုဆောင်ချစ်သူ**
- ၆:၄၅ ၁၄။ ထူးခြားဆန်းပြား ကမ္ဘာ့တစ်လွှား
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၃၀)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ လူရွှင်တော်စတား
- ၂၁။ အင်္ဂလိပ်စာသုတ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကမ္ဘာ့ညည်းတွင်မည့် ချစ်သူရဲကောင်း** (အပိုင်း-၂၃)
- ၂၄။ **နှစ်ခေတ်ပြိုင်ချစ်သူ** (အပိုင်း-၂၈)

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၁

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်က ကြီးမှူး၍ (၁၂)ကြိမ်မြောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲကို ဇွန် ၁၉ ရက်မှ ၂၁ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်သည်။

ထည့်သွင်းကျင်းပမည်

အဆိုပါအလေးမပြိုင်ပွဲတွင် ပထမတန်းအဆင့် အမျိုးသားပြိုင်ပွဲ၌ ၅၆ ကီလိုတန်း၊ ၆၂ ကီလိုတန်း၊ ၆၂ ကီလိုအထက်တန်း၊ အမျိုးသမီးပြိုင်ပွဲတွင် ၄၈ ကီလိုတန်း၊ ၅၃ ကီလိုတန်း၊ ၅၃ ကီလိုတန်းပြိုင်ပွဲများကိုလည်းကောင်း၊ ဒုတိယတန်းအဆင့် အမျိုးသားပြိုင်ပွဲ၌ ၅၆ ကီလိုတန်း၊ ၆၂ ကီလိုတန်း၊ ၆၂ ကီလိုအထက်တန်း၊ အမျိုးသမီးပြိုင်ပွဲတွင် ၄၈ ကီလိုတန်း၊ ၅၃ ကီလိုတန်း၊ ၅၃ ကီလိုအထက်တန်း ပြိုင်ပွဲများကိုလည်းကောင်း၊ တတိယတန်းအဆင့် အမျိုးသားပြိုင်ပွဲ၌ ၅၆ ကီလိုတန်း၊ ၆၂ ကီလိုတန်း၊ ၆၉ ကီလိုတန်း၊ ၇၇ ကီလိုတန်း၊ ၈၅ ကီလိုတန်း၊ ၈၅ ကီလိုအထက်၊ အမျိုးသမီးပြိုင်ပွဲတွင် ၄၈ ကီလိုတန်း၊ ၅၃ ကီလိုတန်း၊ ၅၈ ကီလိုတန်း၊ ၅၈ ကီလိုအထက် ပြိုင်ပွဲများကိုလည်းကောင်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ဆက်သွယ်နိုင်

ပြိုင်ပွဲဝင် အမည်စာရင်းများကို ဇွန် ၁၀ရက်နောက်ဆုံးထားပြီး မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေထံ ပေးပို့ရန်နှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၃၈၈၁၆၀သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❍ ကျောဖုံးမှ

အင်အားပြင်းထန်လှသော ဆိုင်ကလုန်း လိုင်လာကြောင့် အန္ဒရာပရာဒေ့ရှ်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်ကျခဲ့သည့်အပြင် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် မြေပြိုမှုများလည်း ဖြစ်ပွားခဲ့သည်။

အားပျော့

မုန်တိုင်းမှာ ယခုအခါ အားပျော့သွားပြီဖြစ်သော်လည်း အရှေ့ဘက်သြရိဿပြည်နယ်အနီးသို့ ဆက်လက်ရွေ့လျားလျက်ရှိသည်။ အပျက်အစီးများနိုင်သဖြင့် ဒေသနေပြည်သူ ၅၀၀၀၀ခန့်အား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးထားရသည်။

ပျက်စီး

ဆိုင်ကလုန်း လိုင်လာကြောင့် မေ ၂၀ရက် ညပိုင်းက အန္ဒရာပရာဒေ့ရှ်ကမ်းခြေတစ်လျှောက် မြေပြိုမှု များခဲ့သည်။ လေရောမိုးပါသည်းထန်ခဲ့သဖြင့် နေအိမ်အများအပြားပျက်စီးခဲ့ရသည်။

လိုင်လာမုန်တိုင်းသည် တစ်နာရီမိုင် ၆၀နှုန်း တိုက်ခတ်ခဲ့သဖြင့် သစ်ပင်များ ကျွတ်ထွက်ပြီး လျှပ်စစ်မီးတိုင်များ ကျိုးကျပျက်စီးခဲ့သည်။

ရွာသွန်းနိုင်

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သည့် အဆိုပါမုန်တိုင်းကြောင့် နောက်နှစ်ရက်အထိ ကမ်းရိုးတန်းဒေသများ၌ ဆက်လက်မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်း ဗီဆက်ဟာပတ်နမ် ဆိုင်ကလုန်းသတိပေးရေးဌာနကကြေညာထားသည်။ **(အင်တာနက်)**

အမှာစကား ပြောကြား

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ပညာရေးဝန်ကြီးဌာန အခြေခံပညာကျောင်းအုပ်ချုပ်မှု မွမ်းမံသင်တန်း အမှတ်စဉ်(၄)ဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အခြေခံပညာကျောင်းအုပ်ချုပ်မှု မွမ်းမံသင်တန်းဆင်းပွဲကျင်းပ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း အမှာစကားပြောကြား

နေပြည်တော် မေ ၂၁

ပညာရေးဝန်ကြီးဌာန အခြေခံပညာကျောင်းအုပ်ချုပ်မှု မွမ်းမံသင်တန်း အမှတ်စဉ်(၄) ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းဆင်းအမှာစကားပြောကြားရာတွင် အခြေခံပညာရေးလုပ်ငန်းများ၌ အဓိကအခန်းကဏ္ဍမှ လက်တွေ့ဦးဆောင် အကောင်အထည်ဖော်နေရသည့် မြို့နယ်ပညာရေးမှူးများနှင့် ကျောင်းအုပ်ကြီးများအတွက် ကျောင်းစီမံခန့်ခွဲရေး၊ သင်ကြားရေးနှင့် ဘဏ္ဍာရေးလုပ်ငန်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ကြပ်မတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အခြေခံပညာကျောင်းအုပ်ချုပ်မှု မွမ်းမံသင်တန်းများကို ဖွင့်လှစ်လေ့ကျင့်ပေးရခြင်းဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ ရည်ရွယ်ချက်များဖြစ်သည့် ကျောင်းနေအရွယ် လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေးနှင့် နိုင်ငံတော်၏ ပညာရေးအဆင့်အတန်း မြင့်မားရေးတို့အတွက် အခြေခံပညာကျောင်းပေါင်း လေးသောင်းကျော် ဖွင့်လှစ်ပေးထားပြီး ကျောင်းအုပ်ကြီးများ၊ သင်ကြားရေး ဆရာ ဆရာမများ၊ ဝန်ထမ်းများကို အပြည့်အစုံခန့်အပ် တာဝန်ပေးထားပြီးဖြစ်ကြောင်း၊ ရပ်ရွာဒေသအလိုက် ကျောင်းနေအရွယ် လူငယ်အားလုံး အခြေခံပညာသင်ယူခွင့်ရရှိရေး၊ အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်ရေးနှင့် သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေးတို့အတွက် ကဏ္ဍအလိုက် စစ်ဆေးကြပ်မတ်ရေးဆိုင်ရာ ဆွေးနွေးပို့ချချက်များကို အပြည့်အဝ ရယူအသုံးပြုပြီး ကြပ်မတ်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များ၊ ပညာရေးဝန်ကြီးဌာန၏ ရည်ရွယ်ချက်များနှင့်အညီ ပညာရေးမူဝါဒများ၊ အခြေခံပညာရေး ရည်ရွယ်ချက်များ၊ နှစ်ရှည်စီမံကိန်း မျှော်မှန်းချက်များကို ထာဝစဉ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်နှင့် ပညာရေးဝန်ကြီးဌာနက အားထားရသည့် ပညာရေးဝန်ထမ်းကောင်းများအဖြစ် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း စသည်ဖြင့် မှာကြားသည်။

ဆုပေးအပ်

ဆက်လက်၍ ဝန်ကြီးက သင်တန်းတွင် ပထမဆုရ ပဲခူးတိုင်း ပဲခူးမြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးဒေါ်ရင်စိန်၊ ဒုတိယဆုရ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကမ်းနီအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းအေး၊ တတိယဆုရ မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးစိုးမြင့်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

သင်တန်းဆင်းလက်မှတ်

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းက သင်တန်းဆင်းလက်မှတ်များကို အခြေခံပညာဦးစီးဌာနအလိုက် သင်တန်းသားကိုယ်စားလှယ်များထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သောက်သုံးရေလုံလောက်စွာ ရရှိစေရေးအတွက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က သောက်သုံးရေများ လှူဒါန်း

ရန်ကုန် မေ ၂၁

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ပြည်သူ့အကျိုးပြုလုပ်ငန်းတစ်ရပ်အနေဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းရှိ ရပ်ကွက် သုံးရပ်ကွက်သို့ သောက်သုံးရေလုံလောက်စွာရရှိစေရေးအတွက် ယနေ့ နံနက်ပိုင်းတွင် ရေသယ်သင်္ဘော သုံးစင်းဖြင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က သွားရောက်ဖြန့်ဝေလှူဒါန်းကြသည်။

ကြီးကြပ်ဆောင်ရွက်

အဆိုပါ ရေလှူဒါန်းရေးအဖွဲ့သည် ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းရှိ သောက်သုံးရေခက်ခဲသည့် အေးရွာအနောက်ရပ်ကွက်ရှိ ပြည်သူ ၃၂၀၀အတွက် ရေဂါလန် ၂၅၀၀၊ အောက်ရုံရပ်ကွက်ရှိ ပြည်သူ ၃၁၅၆ဦးတို့အတွက် ရေဂါလန် ၅၀၀၀နှင့် ငါးစင်ရပ်ကွက်ရှိ ပြည်သူ ၂၅၁၆ဦးတို့အတွက် ရေဂါလန် ၃၀၀၀ စုစုပေါင်း ရေဂါလန် ၁၀၅၀၀ကိုဖြန့်ဝေပေးကြရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ)နှင့် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင် ကော်မတီဝင်များ၊ ရေကုသိုလ်အလှူရှင်များ လိုက်ပါ၍ ကြီးကြပ်ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

ပံ့ပိုးကူညီ

ယခု သောက်သုံးရေလှူဒါန်းပွဲတွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ပံ့ပိုးကူညီခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

အီရတ်နိုင်ငံခြားရေးဝန်ကြီးဌာနရုံး ပြန်လည်ဖွင့်လှစ်

ဘဂ္ဂဒက် မေ ၂၁

ပြီးခဲ့သည့်နှစ် အကြမ်းဖက်တိုက်ခိုက်မှုအတွင်း အကြီးအကျယ်ပျက်စီးသွားခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာနရုံး အဆောက်အအုံသစ်ကို မေ ၁၉ ရက်တွင် အီရတ်ဝန်ကြီးချုပ် နိုရီအယ်လ်မာလီကီက ပြန်လည်ဖွင့်လှစ်လိုက်သည်။

အကြမ်းဖက်သမားများသည် အီရတ်နိုင်ငံအား ၎င်းတို့၏ ခြေကုပ်စခန်းအဖြစ်သာမက အကြမ်းဖက်မှုနှင့် အကြမ်းဖက်ဝါဒ အခြေစိုက်ရာဒေသအဖြစ် ပြောင်းလဲပစ်ရန် ဆန္ဒရှိနေကြကြောင်း ဖွင့်ပွဲအခမ်းအနား၌ ဝန်ကြီးချုပ်က ပြောကြားသည်။

အီရတ်အစိုးရအနေဖြင့် အခက်အခဲများနှင့် ကြုံတွေ့နေရသော်လည်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ရပ်တန့်သွားမည် မဟုတ်ကြောင်း၊ အကြမ်းဖက်သမားများသည် ၎င်းတို့၏ကွန်ရက်များ ပြန်လည်စုစည်းနိုင်ရေးအလားအလာမရှိသည်သာမက ၎င်းတို့၏ ကြံစည်မှုများအားလုံး အောင်မြင်လိမ့်မည်မဟုတ်ကြောင်း ဝန်ကြီးချုပ်က ထပ်လောင်းပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်ဝန်ကြီးချုပ် နိုရီအယ်လ်မာလီကီ

ကူဝိတ်လေကြောင်းကုမ္ပဏီ ၂၀၀၉ခုနှစ်အတွင်း အရှုံးပေါ်ခဲ့

ကူဝိတ်စီးတီး မေ ၂၁

ကူဝိတ်နိုင်ငံလေကြောင်းကုမ္ပဏီအနေဖြင့် ၂၀၀၉ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ သန်း ၁၉၀ခန့် အရှုံးပေါ်ခဲ့ကြောင်း၊ ယင်းမှာ စက်သုံးဆီဈေးနှုန်းများ မြင့်တက်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း မေ ၂၀ရက်ထုတ် ကူဝိတ်တိုင်းမ်သတင်းစာက ရေးသားဖော်ပြသည်။

အရှုံးပေါ်

၂၀၀၉ခုနှစ် ဒုတိယနှစ်ဝက်အတွင်း စက်သုံးဆီဈေးနှုန်း တစ်ဟုန်ထိုးမြင့်တက်လာမှုကြောင့် ကူဝိတ်လေကြောင်း ကုမ္ပဏီမှာ အမေရိကန်ဒေါ်လာ ၂၁သန်း အရှုံးပေါ်ခဲ့သည်။

သက်တမ်းအရင့်ဆုံး

ကူဝိတ်လေကြောင်းကုမ္ပဏီကို ၁၉၅၄ခုနှစ်တွင် စတင်ထူထောင်ခဲ့ပြီး အရှေ့အလယ်ပိုင်းဒေသတွင် သက်တမ်းအရင့်ဆုံး လေကြောင်းလိုင်းတစ်လိုင်း ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီဂျစ်နှင့်အမေရိကန်ရေတပ် ပူးတွဲစစ်ရေးလေ့ကျင့်

ကိုင်ရို မေ ၂၁

အီဂျစ်ရေတပ်နှင့် အမေရိကန်ရေတပ်တို့ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို မေ ၁၉ရက်က စတင်ကြောင်း အီဂျစ်ကာကွယ်ရေးဝန်ကြီးဌာနက မေ ၂၀ရက်၌ ထုတ်ဖော်ပြောကြားသည်။

ထုတ်ဖော်ပြောကြား

အဆိုပါ စစ်ရေးလေ့ကျင့်မှုကို ပင်လယ်နီအတွင်း၌ ပြုလုပ်ခြင်းဖြစ်ကြောင်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသော်လည်း နှစ်နိုင်ငံ ရေတပ်တပ်ဖွဲ့ဝင်ဦးရေကိုမူ ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

ပူးတွဲလေ့ကျင့်

ယင်းပူးတွဲစစ်ရေးလေ့ကျင့်မှုကို ရက်အတန်ကြာပြုလုပ်သွားမည်ဖြစ်ပြီး ရေတပ်စစ်ဆင်ရေး စီမံခန့်ခွဲမှုများ၊ ရန်သူ့သင်္ဘောများ စီးနင်းတိုက်ခိုက်ခြင်းနှင့် ရေတပ်ဆိုင်ရာကြားဖြတ်စစ်ဆင်ရေးများကဲ့သို့သော လှုပ်ရှားမှုများကို ပူးတွဲလေ့ကျင့်သွားရန် စီစဉ်ထားကြောင်း အီဂျစ်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နိုင်ငံတကာစာအုပ်ပွဲတော်

ပိုလန်နိုင်ငံ ဝါဆောမြို့၌ ကျင်းပသည့် (၅၅)ကြိမ်မြောက် နိုင်ငံတကာ စာအုပ်ပွဲတော်ကို မေ ၂၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အိန္ဒိယလက်ဝဲစွန်း သောင်းကျန်းသူများ ရထားလမ်း ပုံးဖောက်ခွဲ

နယူးဒေလီ မေ ၂၁

အိန္ဒိယနိုင်ငံမှ လက်ဝဲစွန်း သောင်းကျန်းသူများက အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်ရှိ မီးရထားလမ်းကို ဖောက်ခွဲရာ ကုန်တင်ရထားမှ ရေနံတင်တွဲ ၁၅တွဲ မီးလောင်ကြောင်း ထိပ်တန်းရဲအရာရှိတစ်ဦးက မေ ၂၀ရက်၌ ပြောကြားသည်။

မီးငြိမ်းသတ်

လက်ဝဲသောင်းကျန်းသူ ၂၀၀ ခန့်ရှိအုပ်စုက မိုတီဟာရီခရိုင်ရှိ ပေါ့ပရာနှင့် ဂိုဒါရာ ဘူတာကြားရှိ ရထားလမ်းကို ဖောက်ခွဲရာ ရထားလမ်းချော်ပြီး ကုန်တင်ရထားမှ ရေနံတင်တွဲများ မီးလောင်ခဲ့ရာ မီးသတ်တပ်ဖွဲ့က မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း ၎င်းအရာရှိက ပြောကြားသည်။

ဖျက်သိမ်းထား

အဆိုပါ ကုန်ရထားသည် မူဇာဖာပါမှ ရေဖောမြို့သို့ မောင်းနှင်လာစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ လူသေဆုံးမှုသတင်း မရရှိသေးကြောင်း၊ အမြန်ရထားလေးစင်း ခရီးစဉ်များ ဖျက်သိမ်းထားခဲ့ရပြီး အခြားခရီးစဉ်လေးခုကိုလည်း လမ်းကြောင်းပြောင်းထားကြောင်း အဆိုပါပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။

(အင်တာနက်)

အေဒင်ပင်လယ်ကွေ့အတွင်း ကင်းလှည့်ရန် ဂျီဘူတီနိုင်ငံ၏ဆိပ်ကမ်း ရုရှားအသုံးပြုမည်

မော်စကို မေ ၂၁

အေဒင်ပင်လယ်ကွေ့အတွင်း ကုန်သင်္ဘောများ ပြန်ပေးဆွဲခံရမှုမှ ကာကွယ်ပေးနိုင်ရန်အတွက် ကင်းလှည့်စောင့်ကြပ်ပေးနေစဉ်အတွင်း ဂျီဘူတီနိုင်ငံဆိပ်ကမ်းကို ရုရှားစစ်သင်္ဘောများက အသုံးပြုရန်စီစဉ်ထားသည်ဟု ရုရှားရေတပ်က မေ ၂၀ရက်၌ ထုတ်ဖော်ပြောကြားသည်။

ရုရှားစစ်သင်္ဘောများ ဝင်ထွက်ဆိုက်ကပ်နိုင်ရန်အတွက် ဂျီဘူတီအစိုးရနှင့် ရုရှားအစိုးရတို့ သဘောတူညီပြီးဖြစ်သည်ဟုဆိုသည်။ အဆိုပါ သဘောတူညီမှုအရ ပထမဆုံး ရုရှားသင်္ဘောသည် ဂျီဘူတီနိုင်ငံ၌ မေ ၁၆ရက်မှ ၁၇ရက်အထိ ဆိုက်ကပ်ရပ်နားခဲ့ပြီး ကင်းလှည့်တာဝန်ထမ်းဆောင်လျက်ရှိသည်။ သို့ရာတွင် ရုရှားအစိုးရအနေဖြင့် ဂျီဘူတီနိုင်ငံ၌ ရေတပ်စခန်းဖွင့်လှစ်ထားရှိမည်မဟုတ်ကြောင်း ရုရှားရေတပ်ဌာနချုပ်မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂျပန်နိုင်ငံ ကာဂိုရှီးမားမြို့ရှိ တန်ဂါရှီမာ အာကာသစခန်းမှ ရာသီဥတုနှင့်အာကာသလေ့လာရေးအဖြစ် H-2A ဒုံးပျံလွှတ်တင်သည်ကို မေ ၂၁ ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

မက္ကဆီကိုပင်လယ်ကွေ့ ရေနံယိုဖိတ်မှု အမေရိကန်နှင့် ကျူးဘားဆွေးနွေး

ဝါရှင်တန် မေ ၂၁

မက္ကဆီကို ပင်လယ်ကွေ့၌ ရေနံယိုဖိတ်မှုကို မည်သို့မည်ပုံ တုံ့ပြန်မည်ဟူသည့် ပြဿနာနှင့်စပ်လျဉ်း၍ အမေရိကန်နှင့်ကျူးဘားအစိုးရတို့ လုပ်ငန်းသဘောအဆင့် ဆွေးနွေးပွဲကျင်းပကြောင်းအမေရိကန်နိုင်ငံခြားရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဒူဝှိုက်က မေ ၂၀ရက်၌ ပြောကြားသည်။

သတင်းပေးပို့

ရေနံယိုဖိတ်မှုပြဿနာနှင့်ပတ်သက်သည့် တိုးတက်ဖြစ်ထွန်းမှုများကို စဉ်ဆက်မပြတ် သတင်းပေးရန် အမေရိကန်က ကျူးဘားနှင့် ဆွေးနွေးခဲ့ပြီး ဟာဗားနားမြို့တော်ရှိ အမေရိကန် အကျိုးစီးပွားဌာနက ရေနံယိုဖိတ်မှုနှင့် ယင်းစီမံကိန်းနှင့်သက်ဆိုင်သည့် လှုပ်ရှားမှုများကို ကျူးဘားအစိုးရထံ သတင်းပေးပို့နေသည်ဟု ဒူဝှိုက်က သတင်းထောက်များအား ပြောကြားသည်။

အမေရိကန်က ရေနံယိုဖိတ်မှုနှင့် ဆက်နွှယ်သည့် နောက်ကြောင်းရာဇဝင်ကို ရှင်းပြပြီး ရေနံယိုဖိတ်မှု ဆက်လက်မဖြစ်ပွားစေရန် ကိစ္စသည် ဦးစားပေးလုပ်ငန်းဖြစ်ကြောင်း၊ ရေနံယိုဖိတ်မှု ပြဿနာအပေါ် ကျူးဘားနှင့် စဉ်ဆက်မပြတ် ဆက်သွယ်လုပ်ကိုင်ရန် အမေရိကန်က ဆန္ဒရှိကြောင်း စသည်ဖြင့် ဒူဝှိုက်က ဆက်လက်ပြောကြားသည်။

(အင်တာနက်)

အာဖဂန်နစ္စတန်၌ နိုင်ငံတကာ တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြန်

ကဘူးလ် မေ ၂၁

အာဖဂန်နစ္စတန်၌ အမေရိကန်ဦးဆောင်တပ်ဖွဲ့ဝင်များအား တိုက်ခိုက်မှုမြင့်မားလျက်ရှိစဉ် နိုင်ငံ၏တောင်ပိုင်းဒေသတွင် လမ်းဘေးဗုံး ဖောက်ခွဲခံရသဖြင့် နိုင်ငံတကာတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း အင်တာနက်သတင်း၌ မေ ၂၀ရက်က ဖော်ပြသည်။

သေဆုံးသည့်တပ်ဖွဲ့ဝင်မှာ မည်သည့်နိုင်ငံသားဖြစ်သည်ကိုလည်းကောင်း၊ တိုက်ခိုက်မှုဖြစ်ပွားသည့် နေရာကိုလည်းကောင်း ဖော်ပြခြင်းမရှိသေးပေ။

အာဖဂန်တောင်ပိုင်းတွင် တာဝန်ကျသူအများစုမှာ အမေရိကန်၊ ဗြိတိန်နှင့် ကနေဒါတပ်ဖွဲ့ဝင်များဖြစ်သည်။ အာဖဂန်တွင် စခန်းချသည့် ပြည်ပတပ်ဖွဲ့ဝင်များအတွက် ၂၀၀၉ခုနှစ်သည် အများဆုံး သေဆုံးသည့်နှစ်ဖြစ်ပြီး အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်း ၅၂၀ သေဆုံးခဲ့ပြီးဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာလှေပြပွဲ

ရုရှားနိုင်ငံ မော်စကိုမြို့၌ (၇)ကြိမ်မြောက် နိုင်ငံတကာ လှေပြပွဲတွင် ပြသထားသည့် ရွက်လှေတစ်စင်းကို မေ ၂၀ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ကျူးဘားပြည်သူ နှစ်သန်းကျော် A(H1N1) တုပ်ကွေးကာကွယ်ဆေးထိုး

ဟာဗားနား မေ ၂၁

ကျူးဘားနိုင်ငံသူနိုင်ငံသား နှစ်သန်းကျော်တို့အား A(H1N1) တုပ်ကွေးရောဂါ ကာကွယ်ဆေးထိုးပေးထားကြောင်း အမျိုးသားကာကွယ်ဆေးထိုးရေး အစီအစဉ်မှ အကြံပေးဖြစ်သူ ဂါလင်ဒိုက မေ ၁၉ရက်၌ ပြောကြားသည်။

ကာကွယ်ဆေးထိုး

A(H1N1) တုပ်ကွေးရောဂါ ကာကွယ်ဆေးထိုးခြင်းစီမံချက်အရ ပြည်သူတစ်သန်းကျော်တို့အား ဧပြီ ၁ရက်မှ ၂၀ရက်အထိ ပထမအဆင့်အဖြစ် ကာကွယ်ဆေးထိုးပေးခဲ့ပြီး ကျန်လူများအား ဒုတိယအဆင့်အဖြစ် မေ ၂ရက်မှ ၁၅ရက်အတွင်း ကာကွယ်ဆေးထိုးပေးခဲ့သည်ဟု ဂါလင်ဒိုက ပြောကြားသည်။

ခံစား

ကာကွယ်ဆေးထိုးရာတွင် လူ ၁၈ဦးသာ ဆေး၏ဘေးထွက်ဆိုးကျိုး အနည်းငယ်ခံစားခဲ့ရပြီး အဓိကအားဖြင့် အဖျားကြီးမအီမသာဖြစ်၍ ယားယံသည့် ဝေဒနာခံစားခဲ့ရသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

သံတွဲမြို့နယ် မြပြင်ကျေးရွာ မြသုတစာကြည့်တိုက်ဖွင့်

သံတွဲ မေ ၂၁

သံတွဲမြို့နယ် မြပြင်ကျေးရွာ မြသုတစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မတ် ၃၁ရက် နံနက် ၈နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိမိတို့က မြသုတစာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိမိတို့က အမှာစကားပြောကြားကြပြီး စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးထွန်းက စာကြည့်တိုက် ဖွင့်လှစ်ရခြင်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စာအုပ်လှူဒါန်းပွဲကို ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လှူဒါန်းသည့် စာအုပ်စာစောင် ၇၀ကို မြို့နယ်ဦးစီးမှူး ဦးအေးလင်းက ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌဦးသန်းနိုင်က လက်ခံယူပြီး ကျေးရွာ စာပေဝါသနာရှင်များ လှူဒါန်းသော စာအုပ်စာစောင်များကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဒေါ်ခင်သန်းမြိုင်က လက်ခံယူသည်။ ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့် အဖွဲ့သည် မြသုတစာကြည့်တိုက်အတွင်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)



တောင်ကြီးမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ မူခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

တောင်ကြီး မေ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ရဲတပ်ဖွဲ့မှ မူခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မေ ၉ရက် နံနက်၉နာရီခွဲက တောင်ကြီးမြို့ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း စိန်မြင်းမိုရ်ခန်းမ၌ ကျင်းပသည်။

ဟောပြော

ရှေးဦးစွာ တောင်ကြီးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ဦး **(အပေါ်ပုံ)**က မူခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် ပတ်သက်၍ ဟောပြောသည်။

မူခင်းကာကွယ်ရေး

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မောင်မောင်ဝင်း၊ တောင်ကြီးခရိုင်ရဲတပ်ဖွဲ့လက်အောက်ရှိတောင်ကြီး အမှတ်(၁/၂)၊ အေးသာယာ၊ ရွှေညောင်၊ ညောင်ရွှေနှင့် ဟိုပုံး စခန်းမှူးတို့က မူခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောကြသည်။

ဆွေးနွေး

ထို့နောက် တက်ရောက်လာကြသည့် ပြည်သူများက ပြန်လည်တင်ပြ ဆွေးနွေးကြပြီး တောင်ကြီးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ဦးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

(၁၈၉)

နတ်ဖြစ်ရတဲ့ဒုက္ခ နောက်ဆုံးပတ်ပြမည် အိန္ဒိယဇာတ်ကားသစ် Prince ဆက်လက်ပြသ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် မေ ၂၁

ပန်းချီရဲမာန်၏ ဇာတ်လမ်းကို နေစိုးသော် ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင် ရိုက်ကူးသည့် **နတ်ဖြစ်ရတဲ့ဒုက္ခ** ဟာသဇာတ်မြူးကားမှာ သမ္မတနှင့် သွင် အဆင့်မြင့်ရုံများတွင် နောက်ဆုံးပတ်အဖြစ် ဆက်လက်ပြသနေပြီး နဝဒေးနှင့် မဟာမြိုင်ရုံများတွင် **နတ်ဖြစ်ရတဲ့ဒုက္ခ** ပြသလျက်ရှိနေသည်။

Prince ဇာတ်ကားမှ သရုပ်ဆောင်များ၏ အမူအရာ။

ဒုတိယပတ်

ဒါရိုက်တာကော့ကီဗီဂူလာဂျီ ရိုက်ကူးပြီး အိန္ဒိယနာမည်ကြီး သရုပ်ဆောင်များဖြစ်သော ဗီဗစ်အိုဗာရီနှင့် အာရူနာရှီဒက်၊ နန်ဒီနာဆင်းရ်၊ နီဂူဆင်းရ်တို့ ပါဝင်ထားသော **Prince** ဇာတ်ကားမှာ ရှေ့ဆောင်ရုံတွင် ဒုတိယပတ်မြောက် ဆက်လက်ပြသနေသည်။

ယင်းဇာတ်ကားတွင် အိန္ဒိယဇာတ်ကားများ၌ မြင်နေကျ တွေ့နေကျဇာတ်လမ်းမျိုးမဟုတ်ဘဲ အနောက်တိုင်းဆန်ဆန် ဟောလီးဝုဒ်စတိုင် ရိုက်ကူးထားသည်။ နာမည်ကြီး ဖောက်ထွင်းဝိဇ္ဇာစုံတွဲကို ရှာပုံတော်ဖွင့်ရာတွင် ရဲတပ်ဖွဲ့သာမဟုတ် လူဆိုးဂိုဏ်းကလည်း ပါဝင်ပုံကို စိတ်ကူးဆန်းဆန်း ရိုက်ချက်မြင့်မြင့်ဖြင့် အဆင့်မီ ရိုက်ကူးထား၍ အိန္ဒိယပရိသတ်သာမက အခြားရုပ်ရှင်ချစ်ပရိသတ်များပါ လက်ခံရမည့် ဇာတ်ကားတစ်ကားဖြစ်သည်။ ယင်းဇာတ်ကားသစ်ကို အိန္ဒိယနှင့် အပြိုင်ပြသနိုင်ရန် စီစဉ်သူတို့ကကြိုးပမ်းထားသည်ဟုဆိုသည်။

ဂျက်ကီချန်းတစ်ကျော့ပြန်ဝင်လာ

မင်္ဂလာရုံတွင် ဂျက်ကီချန်းနှင့် ကလေးများပါဝင်ထားသော ကွန်ဖူးကား **The Spy Next Door** ဇာတ်ကားတစ်ကျော့ပြန်ရုံဝင်လာပြီး နေပြည်တော်ရုံတွင် **Clash of the Titans** ဇာတ်ကား ဆက်လက်ပြသနေသည်။

ဝါဆိုဖယောင်းတိုင်

ဒါရိုက်တာမိုက်တီး ရိုက်ကူးပြီး လွင်မိုး၊ လူမင်း၊ ခန့်စည်သူ၊ စိုးမြတ်သူဇာ၊ မေကဗျာ၊ သင်ဇာဝင့်ကျော်၊ အေးမြတ်သူတို့ ပါဝင်ထားသော **ဝါဆိုဖယောင်းတိုင်** ဇာတ်ကားမှာ မြို့လယ် ဝဇီရာ(၁)၊ ဝဇီရာ(၂)၊ လှိုင်သာယာတို့တွင် ဆက်လက်ပြသနေသည်။

အိန္ဒိယဇာတ်ကားများ

တန်းမြင့် မြို့မရုံတွင် မင်းသားအာဂျွန်းနှင့် မင်းသမီး ပရီးတီးဇင်တာတို့ ပါဝင်ထားသော **Dil Hai Tunhaara** ဇာတ်ကားပြသနေပြီး ဘုရင့်ရုံတွင် **Dum** ဇာတ်ကားကို ကြည့်ရှုကြရမည် ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

နတ်ဖြစ်ရတဲ့ဒုက္ခ ဇာတ်ကားမှ ခန့်စည်သူ၊ ထွန်းထွန်းနှင့် အေးမြတ်သူတို့၏ သရုပ်ဆောင်မှု ဟန်ပန်။



နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

တရုတ်တောင်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်း

တရုတ်နိုင်ငံတောင်ပိုင်းဒေသများဖြစ်သော ဟူဘေးပြည်နယ်၊ အန်ဟွေးပြည်နယ်၊ ကျန်စုပြည်နယ်နှင့် ကျီကျင်းပြည်နယ်တို့တွင် မေ ၂၁ရက် နံနက်က မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း တရုတ်အရာရှိများက သတင်းထုတ်ပြန်သည်။

အာဖရိကသမဂ္ဂဆွေးနွေးပွဲ ကျင်းပမည်

အာဖရိကသမဂ္ဂ(အေယူ)၏ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် အခြားအရေးကြီး ကိစ္စရပ်များဆွေးနွေးရန် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို မေ ၂၅ရက်၌ စတင်ကျင်းပမည်ဖြစ်ကြောင်း အေယူက သတင်းထုတ်ပြန်သည်။

၂၀၁၀ခုနှစ်တွင် ဘရာဇီး၌ မူးယစ်တိုက်ဖျက်မည်

ဘရာဇီးနိုင်ငံတစ်ဝန်း၌ ၂၀၁၀ခုနှစ်တွင် မူးယစ်ဆေးဝါးတိုက်ဖျက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ပြုလုပ်သွားမည်ဖြစ်ကြောင်း ဘရာဇီးသမ္မတ လူလာဒါဆီးလ်ဗားက မေ ၂၁ရက်၌ ပြောကြားသည်။

ကယ်လီဖိုးနီးယားပြည်နယ်၌ တောမီးလောင်ကျွမ်း

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် မေ ၂၁ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားရာ ကိုရိုနာမြို့အနီး ရေဗားဆိုက်စီရင်စုတောင်ကုန်းများရှိရာအရပ်၌ မီးသတ်တပ်ဖွဲ့ဝင်များက ရဟတ်ယာဉ်များ၊ မီးသတ်ယာဉ်များဖြင့် စုပေါင်းကာ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကြကြောင်း ကယ်လီဖိုးနီးယားမီးသတ်တပ်ဖွဲ့က ပြောကြားသည်။

အိန္ဒိယ ဘီဟာပြည်နယ်၌ ရထားတစ်စင်းမီးလောင်

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ် ပါတနာမြို့မှ ကီလိုမီတာ ၁၈၀ခန့်အကွာ ချန်ပါရန်ခရိုင်တွင် မေ ၂၁ရက်က ကုန်တင်ရထားတစ်စင်း မီးလောင်မှုဖြစ်ပွားရာ ရထားတွဲများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း အိန္ဒိယရထားလုပ်ငန်းအရာရှိများက ပြောကြားသည်။ ***(အောက်ပုံ)***

မလေးရှား၌ နည်းပညာရှင်များကွန်ဂရက်ကျင်းပမည်

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဇွန် ၁၅ရက်မှ ၁၇ရက်အထိ ကမ္ဘာ့အင်ဂျင်နီယာလုပ်ငန်း၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ၂၀၁၀ကွန်ဂရက်ကို လက်ခံကျင်းပသွားရန် စီစဉ်နေကြောင်း၊ ယင်းကွန်ဂရက်သို့ အင်ဂျင်နီယာနှင့် သိပ္ပံပညာရှင် ၁၄၀၀ခန့် တက်ရောက်ကြမည်ဖြစ်ကြောင်း မလေးရှားအရာရှိများက ပြောကြားသည်။

တရုတ်၌ ကမ္ဘာ့ခရီးသွားထိပ်သီးဆွေးနွေးပွဲ ကျင်းပမည်

တရုတ်နိုင်ငံ ပေကျင်းမြို့၌ လာမည့်သီတင်းပတ်တွင် (၁၀)ကြိမ်မြောက် ကမ္ဘာ့ခရီးသွားလုပ်ငန်း ထိပ်သီးဆွေးနွေးပွဲ ကျင်းပမည်ဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပ ကိုယ်စားလှယ် ၁၁၀၀ခန့် တက်ရောက်ဆွေးနွေးကြမည်ဖြစ်ကြောင်း တရုတ်ခရီးသွားလုပ်ငန်းဗျူရိုက သတင်းထုတ်ပြန်သည်။

ကော့စတာရီကာ၌ အင်အားပြင်းငလျင်လှုပ်

ကော့စတာရီကာနိုင်ငံ ဆန်ဂျို့မြို့မှ ဖဂ့်ကီလိုမီတာအကွာကိုဗဟိုပြု၍ မေ၂၁ရက် နံနက်က ရစ်ချ်တာစကေး ၆ ဒသမ ၂ အဆင့်ရှိ အင်အားပြင်း ငလျင်လှုပ်ခဲ့ရာ ဆန်ဂျို့မြို့တွင် ဆက်သွယ်ရေးလိုင်းနှင့် ဓာတ်အားလိုင်းများ ပြတ်တောက်ခဲ့ကြောင်း ကော့စတာရီကာ အရာရှိများက ပြောကြားသည်။

စတော့ဟုမ်းမြို့၌ ကမ္ဘာ့အကြီးဆုံးပြတိုက်တည်ဆောက်

ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ ကြမ်းခင်းဧရိယာ စတုရန်းမီတာ ၂၅၀၀ ကျယ်ဝန်းသော မြေပေါ်၌ ပြတိုက်ကြီးတစ်ခု တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ယင်းပြတိုက်ကြီးသည် ကမ္ဘာ့အကြီးဆုံးပြတိုက်ဖြစ်လာမည်ဟု ဆွီဒင်အရာရှိများက ပြောကြားသည်။

(အင်တာနက်)

နိုင်ငံတော်သြဝါဒါစရိယ မကွေးတိုင်း နတ်မောက်မြို့ တမာပင်ကျောင်းတိုက်ဆရာတော်

ဘဒ္ဒန္တဉာဏောဘာသ၏ ထေရုပ္ပတ္တိအကျဉ်း (သက်တော် ၉၁နှစ်၊ သိက္ခာတော် ၇၁ဝါ)

နေပြည်တော် မေ ၂၁

ဆရာတော် ဘဒ္ဒန္တဉာဏောဘာသသည် မကွေးတိုင်း မြို့သစ်မြို့နယ် ကန်ကြီးကျေးရွာ ခမည်းတော် ဦးထ၊ မယ်တော် ဒေါ်အီတို့မှ ၁၂၈၀ခုနှစ်၊ တပေါင်းလပြည့်ကျော်၁၃ရက်၊ (အင်္ဂါနေ့) တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၅ ခုနှစ် မြို့သစ်မြို့နယ် တလုပ်ပင် ကျေးရွာ ရွှေဆံမျှင်ကျောင်းဆရာတော် ဦးဓမ္မာစာရထံ၌ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၀၁ခုနှစ် တပို့တွဲလဆန်း ၈ရက်တွင် နတ်မောက်မြို့ ဘုရားကြီးကျောင်း ခဏ္ဍာသိမ်၌ ဘုရားကျောင်းဆရာတော် ဘဒ္ဒန္တကုသလကို ဥပဇ္ဈာယ်ပြုလျက် နတ်မောက်မြို့ ဦးဖိုးငြိမ်း-ဒေါ်စိန်မှီတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

စာပေပရိယတ္တိသင်ကြားပို့ချခြင်း

မြို့သစ်မြို့နယ် ညောင်ဇင်ကျေးရွာဆရာတော် ဦးကောသလ္လဦးစီးသော လောကဓာတ်ကျောင်း၌ လောကီပညာများကို သင်ကြားခဲ့ပြီး မြို့သစ်မြို့နယ် တလုပ်ပင် ကျေးရွာ ရွှေဆံမျှင်ကျောင်းဆရာတော် ဦးဓမ္မာစာရထံတွင် သာမဏေပြုလျက် အခြေခံလောကုတ္တရာစာပေများကို သင်ယူခဲ့သည်။ ဆရာတော်သည် ဦးဓမ္မာစာရ၏ ပို့ဆောင်ချက်ဖြင့် နတ်မောက်မြို့ ဘုရားကြီးကျောင်းတိုက်သို့ ရောက်ရှိကာ ပထမငယ်တန်း အောင်မြင်သည်အထိ ဘုရားကြီးကျောင်းတိုက်၌ နေထိုင်ခဲ့သည်။

ဆရာတော် ဦးရေဝတ ဘုရားကြီးကျောင်းတိုက်မှ တမာပင်ကျောင်းတိုက်သို့ ပြောင်းရွှေ့သီတင်းသုံးသောအခါ လိုက်ပါခဲ့ရသည်။ ဆရာတော် ဦးရေဝတထံတွင် ပထမကြီးတန်းအောင်မြင်သည်အထိ နေထိုင်ခဲ့သည်။ ပထမကြီးတန်းအောင်မြင်သောအခါ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်သို့ ပြောင်းရွှေ့၍ အထက်တန်းစာဝါများကို သင်ယူခဲ့သည်။ ၁၃၁၃ခုနှစ်တွင် အစိုးရဓမ္မာစရိယစာချတန်းကို ဝင်ရောက်ဖြေဆိုရာ ဂုဏ်ထူး(၆)ကျမ်းနှင့်တကွ ကျမ်းရင်း (၃)ကျမ်းကို အောင်မြင်သဖြင့် ''သာသနဓဇ သိရီပဝရ ဓမ္မာစရိယ''ဘွဲ့တံဆိပ်တော်ကို ရရှိခဲ့သည်။

သာသနာရေးဆောင်ရွက်ချက်များ

နတ်မောက်မြို့ တမာပင်ကျောင်းတိုက်၏ နာယကဆရာတော် ဖြစ်တော်မူသော ဆရာရင်းဦးရေဝတ၏ခေါ်ယူမှုဖြင့် မိခင်တမာပင်ကျောင်းတိုက်သို့ ပြန်လာကာ တပည့်ရဟန်း၊ သာမဏေများအား စာပေများပို့ချခြင်း၊ ဒကာ ဒကာမများအား ဆုံးမ သြဝါဒပေးခြင်း၊ နတ်မောက်မြို့ ဆုတောင်းပြည့်ဘုရားကြီး၏ ဂေါပကသြဝါဒါစရိယ ဆရာတော်အဖြစ် ဆောင်ရွက်ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် လေးကြိမ်တိုင် မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်တော်မူခြင်းနှင့် ၂၀၀၇ခုနှစ်တွင် နိုင်ငံတော်သြဝါဒါစရိယဆရာတော်အဖြစ် ဆောင်ရွက်တော်မူပါသည်။

ဤသို့လျှင် ဆရာတော်ကြီးသည် သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူရင်း သက်တော် ၉၁နှစ်၊ သိက္ခာတော် ၇၁ဝါအရ (၁၃၇၂ခုနှစ် နယုန်လဆန်း ၇ရက်) ၁၉-၅-၂၀၁၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂နာရီ မိနစ် ၃၀တွင် နတ်မောက်မြို့၊ တမာပင်ကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၂-၅-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅	၂။	အင်္ဂုဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇:၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၆။	ကဗျာပန်းဥယျာဉ်
၈:၀၅	၇။	အကပြိုင်ပွဲ
၈:၁၅	၈။	တေးဂီတအစီအစဉ်
၈:၂၅	၉။	ချင်းပြည်နယ်သို့ ခရီးတစ်ခေါက်
၈:၄၀	၁၀။	International News
၈:၄၅	၁၁။	မေတ္တာရေ အမြင့်တင့် လေသည့်ရွှေကြာ
၉:၀၀	၁၂။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၂၅	၃။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၅၀	၄။	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၁၅	၅။	Yan Can Cook
၁၂:၃၅	၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ** (အပိုင်း-၉)
၁၃:၂၅	၇။	ပြည်သူများအတွက် စေတနာ့ဝန်ထမ်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ
၁၃:၃၅	၈။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၃:၄၅	၉။	**ဓမ္မဒီပါမှာထွန်းတဲ့ကျွန်း**
၁၄:၂၅	၁၀။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၁၄:၃၅	၁၁။	အတီးပြိုင်ပွဲ
၁၄:၅၀	၁၂။	International News
၁၅:၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၃:၄၅	၁။	Myanmar National League MNL CUP (2010) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ကမ္ဘောဇ F.C နှင့် ဖွဲကပင်ယူနိုက်တက် F.C)
၅:၄၅	၂။	တေးဂီတအစီအစဉ်
၆:၀၀	၃။	ညနေခင်းသတင်း
၆:၁၅	၄။	မိုးလေဝသအခြေအနေ
၆:၂၀	၅။	**အလှရှာမယ် လှကမ္ဘာဝယ်**
၆:၃၅	၆။	**ယဉ်တစ်ကိုယ်မယ်** (ယုသန္တာတင်)
၇:၀၀	၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်မိတာခွင့်လွှတ်ပါ** (အပိုင်း-၉)
၈:၀၀	၈။	ပြည်တွင်းသတင်း
	၉။	နိုင်ငံတကာသတင်းများ
	၁၀။	မိုးလေဝသအခြေအနေ
	၁၁။	ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** အပိုင်း (၂၅)
	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **အရွယ်လွန်ချစ်အိပ်မက်** (အပိုင်း-၉)
	၁၃။	ဂီတတံခါးလေးဖွင့်ပါဦး
	၁၄။	အစီအစဉ်ပြီး၏။

ပို့ဆောင်ရေးဝန်ကြီး ဦးသိန်းဆွေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၁

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Li Shenglin သည် မေ ၁၈ရက် နံနက် ၁၁နာရီက နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ နှုတ်ဆက်သည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို၊ ဝန်ကြီးဌာနရုံးအဖွဲ့မှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး **H.E. Mr. Li Shenglin** လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကျန်းမာရေးနှင့် လူမှုစောင့်ရှောက်ရေး ဒီပလိုမာသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် မေ ၂၁

Sunderland College(UK) မှ တိုက်ရိုက်ပေးအပ်သော ကျန်းမာရေးနှင့် လူမှုစောင့်ရှောက်ရေးဒီပလိုမာ Health and Social Care Diploma NQF Level-3 ကို မြန်မာနိုင်ငံတွင် သင်ယူပြီး ဒီပလိုမာရယူနိုင်ပြီဖြစ်သည်။

အဆိုပါ နိုင်ငံတကာအဆင့် ဒီပလိုမာကို ရရှိပြီးသူများအနေဖြင့် ပြည်တွင်း ပြည်ပရှိ လူအိုရုံ၊ ဘိုးဘွားရိပ်သာ၊ စောင့်ရှောက်ရေးဂေဟာ၊ လူမှုဝန်ထမ်းနှင့် ပြန်လည်ထူထောင်ရေးဌာန၊ NGO ၊ INGOS၊ ကြက်ခြေနီလုပ်ငန်း အစရှိသော အလုပ်အကိုင်များတွင် လစာကောင်းကောင်းဖြင့် ဝင်ရောက်လုပ်ကိုင်နိုင်မည့် အခွင့်အရေး ရရှိနိုင်မည်ဖြစ်သည်။ ထို့အပြင် စင်ကာပူနိုင်ငံတွင်လည်းSpass လျှောက်ထားရလွယ်ကူခြင်းနှင့် တခြား နိုင်ငံများတွင်လည်း နေရာကောင်း၊ လစာကောင်းများ ရရှိစေနိုင်သည်။ ကျန်းမာရေးနှင့် လူမှုစောင့်ရှောက်ရေး ဒီပလိုမာဘွဲ့ကို အောင်မြင်ရရှိပြီးပါက အာဆီယံနိုင်ငံများရှိ ကျောင်းများနှင့် (UK) တွင် BA (Hons) Health and Social Care ဒီဂရီကို ဆက်လက်ဆည်းပူးရန် အခြေခံ Foundation ကောင်း ရသွားမည်ဖြစ်သည်။

ယခုဒီပလိုမာသင်တန်းကို (UK) တက္ကသိုလ်၊ ကောလိပ်များတွင် သင်ကြားသည့် သင်ရိုး သင်ညွှန်းများအတိုင်း Activity, Task, Assignment တို့ကို စာတွေ့လက်တွေ့ ဟန်ချက်ညီညီဖြင့် နိုင်ငံတကာမှ ဘွဲ့ရအတွေ့အကြုံရှိ ဆရာ ဆရာမများက သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းကာလ ခြောက်လပို့ချပြီး ထပ်မံ၍ Work Placement သုံးလ လက်တွေ့ဆင်းပြီးလျှင် ဒီပလိုမာဘွဲ့ကို အပ်နှင်းချီးမြှင့်ပေးမည် ဖြစ်သည်။

ဖွင့်လှစ်

နိုင်ငံရပ်ခြားသို့ သွားရောက်ရန်မလိုဘဲ ယင်းဒီပလိုမာကို မြန်မာနိုင်ငံတွင် ကျောင်းစရိတ်သက်သာစွာဖြင့် သင်ယူနိုင်ပြီး အခြေခံပညာ အထက်တန်း အောင်မြင်ပြီးသူများ၊ ဆေးပညာရပ် သင်ကြားထားသူများ၊ ဘွဲ့ရပြီး စိတ်ဝင်စားသူများ လျှောက်ထားနိုင်သည်။ သင်တန်းများကို ဇွန် ၁၉ ရက် ဖွင့်လှစ်မည် ဖြစ်သည်။ **(သတင်းစဉ်)**

ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း သင်တန်းဖွင့်ပွဲ ဖလမ်းခရိုင်၌ကျင်းပ

ဖလမ်း မေ ၂၁

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈နာရီက ဖလမ်းမြို့ အခြေခံပညာအလယ်တန်းကျောင်း စာသင်ဆောင်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုကော်မရှင်အဖွဲ့ဝင် ဒေါက်တာဘမောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ချင်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပို့ချ

ဆက်လက်၍ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဘမောင် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးနှင့်အဖွဲ့ခွဲဝင်များက ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များအား ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးပို့ချကြကြောင်း သိရှိရသည်။ **(ပြည်နယ် ပြန်/ ဆက်)**

အလင်းသစ် စာကြည့်တိုက်အဆောက်အအုံသစ် တိုက်ကြီးမြို့နယ် ငါးလာချောင်းကျေးရွာ၌ ဖွင့်လှစ်

ရန်ကုန် မေ ၂၁

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ငါးလာချောင်းကျေးရွာတွင် မေ ၁၃ရက် နံနက်၉နာရီက အလင်းသစ် စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲ အခမ်းအနားကို အဆိုပါစာကြည့်တိုက် အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီး အောင်သီဟ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်ဆွေမြင့်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(ယာပုံ)**

လက်ခံယူ

ထို့နောက် ဗိုလ်မှူးကြီးအောင်သီဟနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းတို့က သုတ ရသ၊ စာအုပ် စာစောင်များ ပေးအပ်လှူဒါန်းကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်ဆွေမြင့်က စာကြည့်တိုက်ငွေပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀ ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးနိုင်ဝင်းက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်ဖြူကျေးရွာပြည်သူများ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး သောက်သုံးရေပေးဝေ

ရန်ကုန် မေ ၂၁

ကျောက်ဖြူမြို့နယ် ရေနံတောင်ကျေးရွာအုပ်စု သရက်တောကျေးရွာ၌ ကျေးရွာနေပြည်သူများ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် မေ ၁၉ ရက်က အဖွဲ့ပိုင်ရေသယ်ယာဉ် နှစ်စီးဖြင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းတို့ ကြီးကြပ်၍ အဖွဲ့ဝန်ထမ်းများဖြင့် သောက်သုံးရေပေးဝေခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ကြီးသဘော် ရန်ကုန်-မြိတ်-ကော့သောင်း ခရီးစဉ်ထွက်ခွာမည်

ရန်ကုန် မေ ၂၁

မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းပိုင် ခရီးသည်ကုန်တင် တောင်ကြီးသင်္ဘောခရီးစဉ် (၀၀၁)သည် ရန်ကုန်- မြိတ်-ကော့သောင်းခရီးစဉ်ကို သာကေတဆိပ်ခံတံတားမှ မေ ၂၆ရက်ခန့်တွင် ထွက်ခွာရန် စီစဉ်ထားသည်။

အဆိုပါ ခရီးစဉ်ကို လိုက်ပါလိုသူများသည် မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း သာကေတဆိပ်ခံတံတား ခရီးသည်ခန်းမဆောင်၌ သင်္ဘောလက်မှတ်များကို ယနေ့မှစတင်၍ ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၅၄၄၅၆၃နှင့် ၅၄၄၅၇၁ တို့သို့ စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

● *ရှေ့ဖုံးမှ*

ယင်းနောက် ဒေသခံပြည်သူများ ကိုယ်စား ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် ဝန်ကြီး ဦးခင်မောင်မြင့်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူးတို့က ကျောက်အိုးတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဧည့်ပရိသတ်များသည် မုခ်ဦး ရှေ့၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေက ကျောက်အိုးတံတား ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကာ တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှု၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကျောက်အိုးတံတား

ကျောက်အိုးတံတား အမျိုးအစားမှာ သံကူကွန်ကရစ်အုတ်မြစ်၊ သံကူကွန်ကရစ်ရေတွင်းခွေ၊ အပေါ်ထည်နှင့် အောက်ထည်ကို သံကူကွန်ကရစ်ဖြင့် တည်ဆောက်ထားပြီး စုစုပေါင်းတံတားအရှည်ပေ ၂၀၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ဖြစ်သည်။

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ ကျောက်အိုးတံတား ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ (ဆောက်လုပ်ရေး)

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်တို့ ကျောက်အိုးတံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (ဆောက်လုပ်ရေး)

ကျောက်အိုးတံတား

မန္တလေးတိုင်း စဉ့်ကူးမြို့နယ် မန္တလေး-မတ္တရာ-မိုးကုတ်လမ်းပေါ်ရှိ ကျောက်အိုးတံတားကို တွေ့ရစဉ်။ (ဆောက်လုပ်ရေး)

ယခုဖွင့်လှစ်သည့် ကျောက်အိုးတံတားသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ တည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀ အထက်တံတား ၂၃၉စင်းမြောက်ဖြစ်ပြီး မန္တလေးတိုင်းအနေဖြင့် ၁၂၈စင်းမြောက် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် တံတားဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်

ကျောက်အိုးတံတားကို ဖွင့်လှစ်ပေးသည့်အတွက် ချင်းပြည်နယ်၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့မှ ဟားခါး-ဖလမ်း-ကလေး-ဂန့်ဂေါ-မုံရွာ-မန္တလေးလမ်းမှတစ်ဆင့် မန္တလေး-မတ္တရာ-မိုးကုတ်လမ်းသို့ လည်းကောင်း၊ ကချင်ပြည်နယ်မှ မြစ်ကြီးနား - ဗန်းမော် - တကောင်း-ကသာ-သပိတ်ကျင်းလမ်းမှ မန္တလေး-မတ္တရာ - မိုးကုတ်လမ်းသို့လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မူဆယ်-လားရှိုး-ကျောက်မဲ-ပြင်ဦးလွင်-မန္တလေးလမ်းမှ မန္တလေး-မတ္တရာ-မိုးကုတ်လမ်းသို့လည်းကောင်း၊ မြန်မာပြည်အရှေ့မှ အနောက်၊ တောင်မှ မြောက်သို့ လမ်းကွန်ရက်သဖွယ် ယှက်သွယ်ဖောက်လုပ်ဆက်စပ်ထားသည့်အတွက် ပြည်နယ်/တိုင်း အသီးသီးမှ တွင်းထွက်ပစ္စည်းများ၊ ဒေသမှ ထွက်ရှိသည့် ဆန်၊ စပါးနှင့် အခြားသီးနှံထွက်ကုန်များကို နိုင်ငံတစ်ဝန်းလုံးသို့ ပိုမိုမြန်ဆန်စွာ ပို့ဆောင်နိုင်တော့မည် ဖြစ်သကဲ့သို့ ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ၌လည်း အဘက်ဘက်မှ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြစ်ဝကျွန်းပေါ်ဒေသများ အနောက်တောင်မုတ်သုံလေ ဝင်ရောက်နိုင်

နေပြည်တော် မေ ၂၁

<u>ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ</u> လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့သည်။ နေ့အပူချိန်များမှာ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၅ဒီဂရီစင်တီဂရိတ်အထိ၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၆ဒီဂရီစင်တီဂရိတ်မှ ၈ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်ဒေသများတွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်မှာ ကလေးဝမြို့တွင် ၃၉ဒသမ ၆ဒီဂရီစင်တီဂရိတ် ဖြစ်သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်တပ်ကုန်းတွင် ၀ဒသမ ၉၁လက်မ၊ နေပြည်တော် (ရေဆင်း)တွင် ၀ဒသမ ၂၈လက်မ၊ ကျောက်တော်မြို့နှင့် ပေါင်မြို့တို့တွင် ၂ဒသမ ၃၆လက်မစီ၊ စစ်တွေမြို့တွင် ၂ဒသမ ၁၇လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၁ဒသမ ၈၂လက်မ၊ မောင်တောမြို့တွင် ၁ဒသမ ၇၃လက်မ၊ တောင်တွင်းကြီးမြို့တွင် ၁ဒသမ ၂၆လက်မနှင့် ရမည်းသင်းမြို့တွင် ၀ဒသမ ၅၁လက်မတို့ဖြစ်ကြသည်။

<u>ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ</u> ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း လိုင်လာ(Laila) သည် အိန္ဒိယနိုင်ငံ အန်ဒရာပရာဒေ့ရှ် ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး မာချီလီပတ္တနမ် (Machilipatam) မြို့အနီးတွင် ကုန်းတွင်းမုန်တိုင်းအဖြစ် ဆက်လက်တည်ရှိနေသည်။ အဆိုပါ ကုန်းတွင်းမုန်တိုင်းသည် အရှေ့မြောက်ဘက်သို့ ရွေ့လျားပြီးနောက် ၄၈နာရီအတွင်း ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် မုန်တိုင်းငယ်အဖြစ် ပြန်လည်အားပျိုးလာနိုင်သည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

<u>မေ ၂၂ရက် ညနေအထိခန့်မှန်းချက်မှာ</u> ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

<u>မြန်မာ့ပင်လယ်ပြင်တွင်</u> မုတ္တမကွေ့၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

<u>နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ</u> မြစ်ဝကျွန်းပေါ်ဒေသများသို့ အနောက်တောင် မုတ်သုံလေ ဝင်ရောက်နိုင်သည်။

<u>နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်</u> ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

<u>ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်</u> ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

<u>မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်</u> ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္ဂနွေနေ့-နံနက်+နေ့လယ်+ည)

၂၃-၅-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅ တရားတော် **(မေတ္တာသုတ်+ခန္ဓသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇း၂၀ (၃၈)ဖြာမင်္ဂလာ
၇း၂၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၂၀ ဘဝအသွင် ကဗျာ့အမြင် (အိုမုတ်သုံ)
၈း၂၅ တေးပဒေသာ
၁၀း၀၀ မင်္ဂလာလက်ဆောင်
၁၀း၂၀ သတင်းစာအာဘော်
၁၀း၂၅ သန့်စွမ်းကျန်းမာ ကိုယ်ခန္ဓာ (ကိုယ်ခန္ဓာအလေးချိန်ကျစေဖို့)
၁၀း၄၀ တေးစီးရီး (ခြေလှမ်းလေးတွေ-ချောစုခင်)
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ ဆိုကြပျော်ရွှင် တေးသံစဉ် (၉၇)
၁၂း၀၀ စံတော်ချိန် ကလေးအစီအစဉ် (ကလေးများအတွက် တေးသီချင်း)
၁၂း၁၀ ဘဝတစ်ကွေ့ အတွေ့အကြုံ (လူကိုမစောင့်တဲ့အချိန်) နေ့လယ်ခင်းတေးပဒေသာ
၁၂း၃၀ စာအုပ်စာပေ လူ့မိတ်ဆွေ ၁။ သမီးလေးဖတ်ဖို့(၁၂)-ကောင်းသန့် ၂။ ကျောင်းတွင်းသုံး အင်္ဂလိပ်စကားပြော-သင်းသင်းနိုင်
၁၂း၅၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ သိလိုသမျှမေး ကျန်းမာရေး
၁၃း၂၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ မြတ်နိုးစရာ ကျေးရွာတေးကဗျာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ညနေခင်းတေးပဒေသာ
၁၇း၃၅ တို့ပြန်ဖြေကြား အနုပညာရှင်များ (မေသက်ခိုင်)
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ တေးချစ်သူရွေးသီတေးပန်းချီ
၁၈း၃၀ သုတစုံကြွယ် သိစေဖွယ် **(ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်း)**
၁၈း၄၅ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ Talk on Line (သူရလင်း) နိုင်ငံရေးဦးတည်ချက်
၁၉း၃၀ တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (ဂီလတ်) စီးပွားရေးဦးတည်ချက်
၂၀း၄၀ လယ်ယာစီးပွား (ဩဇာစိုက်ရအောင်)
၂၀း၅၀ တေးပဒေသာ လူမှုရေးဦးတည်ချက်
၂၁း၀၀ ရင်တွင်းခံစား တေးသီချင်းများ (ကြူကြူဝင်း)
၂၁း၁၅ ညချမ်းချိန်ခါတေးပဒေသာ
၂၁း၃၀ ခေတ်မရွေးသောတေး
၂၂း၀၀ အစီအစဉ်ပြီး၏။

KNU အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် ရွှေကျင်မြို့နယ်၌ အပြစ်မဲ့ပြည်သူတစ်ဦး ခြေထောက်ပြတ်ဒဏ်ရာရရှိ

နေပြည်တော် မေ ၂၁

ပဲခူးတိုင်း ရွှေကျင်မြို့နယ် ပဒဲကောကျေးရွာနေ ဦးဇော်မင်းနိုင်သည် မေ ၁၈ရက် ညနေ ၄နာရီက ရွှေကျင်မြို့၏ အရှေ့တောင်ဘက်ရှိ ကွီးလားတောင်ပေါ်သို့ တညင်းသီးခူးရန် သွားရောက်စဉ် KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပြီး ဝဲဘက်ခြေထောက် ခြေချင်းဝတ်အောက်မှပြတ်ဒဏ်ရာ၊ ယာဘက်ခြေထောက် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သဖြင့် ရွှေကျင်မြို့ ခုတင်(၁၀၀) ဆံ့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၁၁)ကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား

ပြည်နယ်နှင့်တိုင်း အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် မေ ၂၁

(၁၁)ကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း အသက် (၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို မန္တလေးမြို့၌ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင် ပြည်နယ်/တိုင်း ဘောလုံးအသင်းများအား ကြိုဆိုဂုဏ်ပြုမိတ်ဆက် လက်ဖက်ရည်ပွဲကို မေ ၁၅ရက် နံနက် ၉နာရီက မန္တလေးမြို့တော်ခန်းမ၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ တိုင်းအဆင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းမှူးနှင့် ဝန်ကြီးတို့က အမှာစကားပြောကြားကြပြီး ပြိုင်ပွဲဝင် အသင်းများကိုယ်စား အသင်းအုပ်ချုပ်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြား၍ တိုင်းမှူးနှင့် ဝန်ကြီးတို့က အသင်းများကို နှုတ်ဆက်သည်။

တက်ရောက်

ထို့နောက် ညနေ ၄နာရီတွင် (၁၁)ကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း အသက် (၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မန္တလေးမြို့ အောင်မြေမန္တလာ အားကစားပြိုင်ကွင်း၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ ဝန်ကြီး သူရဦးအေးမြင့်၊ မန္တလေး မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ တိုင်းအဆင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး သူရဦးအေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အနိုင်ရရှိ

ဖွင့်ပွဲနေ့ပွဲစဉ်တွင် ကရင်ပြည်နယ် အသင်းက မန္တလေးတိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ကျင်းပ

ပြိုင်ပွဲတွင် အသင်း ၁၆သင်း ပါဝင်ကစားမည်ဖြစ်ပြီး ပထမအဆင့် အုပ်စုပြိုင်ပွဲများကို မေ ၁၅ရက်မှ ၂၃ရက်အထိလည်းကောင်း၊ ဒုတိယအဆင့် ရှုံး/ထွက်ပြိုင်ပွဲများကို မေ ၂၅ရက်မှ ၂၈ရက်အထိလည်းကောင်း အောင်မြေမန္တလာကွင်း၊ ဗထူးကွင်း၊ ချမ်းမြသာစည်ကွင်းနှင့် ရွှေမန်းတောင်ကွင်းများ၌ ကျင်းပသွားမည်ဖြစ်ပြီး ဗိုလ်လုပွဲကို ဇွန် ၄ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအင်ဇော်နော် ကချင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မြစ်ကြီးနားခရိုင်နှင့် ပူတာအိုခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအား ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းမြို့တွင် ကျင်းပသည့် ကုလသမဂ္ဂ အာရှနှင့်ပစိဖိတ်ဒေသ စီးပွားရေးနှင့် လူမှုရေးကော်မရှင်၏ (၆၆)ကြိမ်မြောက် အစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။

(နိုင်ငံခြားရေး)

ဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့

ကိုရီးယားသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် မေ ၂၁

ကုလသမဂ္ဂ အာရှနှင့်ပစိဖိတ်ဒေသ စီးပွားရေးနှင့် လူမှုရေးကော်မရှင်၏ (၆၆)ကြိမ်မြောက် အစည်းအဝေးကို မေ ၁၃ရက်မှ ၁၉ရက်အထိ ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းမြို့၌ ကျင်းပခဲ့သည်။

တက်ရောက်

အဆိုပါအစည်းအဝေးသို့ ကုလသမဂ္ဂ အာရှနှင့်ပစိဖိတ်ဒေသ စီးပွားရေးနှင့် လူမှုရေးကော်မရှင်(UNESCAP) အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ နိုင်ငံခြားရေးဝန်ကြီးများ၊ အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ သံတမန်များနှင့် ဘာသာရပ် ကျွမ်းကျင်သူများ တက်ရောက်ခဲ့ကြသည်။

ယင်းတက်ရောက်သူများထဲတွင် ကီရီဘားတီးနိုင်ငံသမ္မတ မစ္စတာအာနိတောဘွန်၊ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှိတ်ဟာဇီးနား၊ ဗန်နူဝါးတူးနိုင်ငံဝန်ကြီးချုပ် မစ္စတာအက်ဒွပ်နာတာပေနှင့် ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ ချွန်အန်ချန်တို့ ပါဝင်သည်။

အဆိုပါ (၆၆)ကြိမ်မြောက် အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၁၇ရက်မှ ၁၉ရက်အထိ တက်ရောက်ခဲ့သည်။

အဓိကထားဆွေးနွေးခဲ့

ဝန်ကြီးအဆင့် အစည်းအဝေး ဥက္ကဋ္ဌအဖြစ် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Kim Tong Hoon က ဆောင်ရွက်သည်။ (၆၆)ကြိမ်မြောက် အစည်းအဝေးသည် စိန်ခေါ်မှု နှစ်ရပ်ဖြစ်သော အာရှနှင့်ပစိဖိတ်ဒေသတွင် စတင်နေသော စီးပွားရေး ပြန်လည်

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မွန်ပြည်နယ်တာဝန်ခံဦးညွန့်တင် မွန်ပြည်နယ်/ခရိုင် ကော်မရှင်အဖွဲ့ခွဲဝင်များအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးညွန့်တင်နှင့် မွန်ပြည်နယ်/ခရိုင် ကော်မရှင်အဖွဲ့ခွဲဝင်များ

လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၂၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မွန်ပြည်နယ်တာဝန်ခံ ဦးညွန့်တင်နှင့် ပြည်နယ်/ ခရိုင် ကော်မရှင်အဖွဲ့ခွဲဝင်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၉ရက် မွန်းလွဲ ၁နာရီက မော်လမြိုင်မြို့ရှိ မွန်ပြည်နယ် ကော်မရှင်အဖွဲ့ခွဲရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ဆွေးနွေးတင်ပြ

အစည်းအဝေးတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးညွန့်တင်က အဖွင့်အမှာစကားပြောကြားပြီး မွန်ပြည်နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသိန်းထွန်းအေးနှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက ပြည်နယ်အတွင်းနှင့် ခရိုင်များအတွင်း ကော်မရှင်လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြကာ တက်ရောက်လာကြသူများက အထွေထွေ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးညွန့်တင်က လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေး မှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

တက်ရောက်

မွန်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲကကြီးမှူး၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း ဖွင့်ပွဲကို မေ ၂၀ရက် နံနက်ပိုင်းက မွန်ပြည်နယ် ကော်မရှင်အဖွဲ့ခွဲရုံး ရာမညခန်းမ၌ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးညွန့်တင်၊ မွန်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသိန်းထွန်းအေးနှင့် အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးညွန့်တင်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းနှင့် စပ်လျဉ်းသည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၇၂ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၂၀ရက်မှ ယနေ့အထိဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချန်ပီယံလိဂ်ဗိုလ်လုပွဲ နောက်ဆုံးရသတင်း

အာကာဟိန်း -ရေးသား၍ မာမာစိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

မက်ဒရစ် မေ ၂၁

*၂၀၀၉-၂၀၁၀ ချန်ပီယံလိဂ်ဖလား နောက်ဆုံးဗိုလ်လုပွဲကို စပိန်နိုင်ငံ ရီရဲမက်ဒရစ်အသင်းပိုင် ဘာနေဗျူးကွင်း၌ မေ ၂၂ရက် **(ယနေ့)**တွင် ဘိုင်ယန်မြူးနစ်နှင့် အင်တာမီလန်တို့ အကြိတ်အနယ် ဆင်နွှဲကြတော့မည် ဖြစ်သည်။ ယင်းဗိုလ်လုပွဲနှင့် ပတ်သက်သည့် နောက်ဆုံးရသတင်းများမှာ-*

တာဝန်ယူမည်

ဘိုင်ယန်မြူးနစ်နှင့် အင်တာမီလန်တို့၏ ချန်ပီယံလိဂ် ဗိုလ်လုပွဲကို ကွင်းလယ်ဒိုင်လူကြီးအဖြစ် အင်္ဂလန်နိုင်ငံသား ဟောင်း ဝပ်ဝက်ဘ်က တာဝန်ယူမည်ဖြစ်သည်။ စည်းကြပ်ဒိုင်များအဖြစ် အင်္ဂလန်နိုင်ငံသားများဖြစ်သော မိုက်ကယ် မူလာကီးနှင့် ဒါရင်းကင်းန်တို့က တာဝန်ယူပေးကြမည် ဖြစ်သည်။

အင်တာမီလန်

ဘိုင်ယန်မြူးနစ်နှင့် ယှဉ်ပြိုင်မည့် အင်တာမီလန်အသင်းတွင် ကိုပါအီတာလီယာပွဲအဖြစ် ရိုးမားနှင့် အင်တာမီလန်ယှဉ်ပြိုင်သည့်ပွဲ၌ ဒဏ်ရာရရှိခဲ့သော ဝက်စ်လေရှနိုက်ဒါမှာ ဒဏ်ရာသက်သာသဖြင့် ပါဝင်ကစားနိုင်မည်ဖြစ်သည်။ သို့သော် ပွဲပယ်ခံထားရသည့် မော့တာ ပါဝင်ကစားနိုင်မည် မဟုတ်ချေ။ မွန်တာရီနှင့် ပန်ဒက်ဗ်တို့မှာ ကြွခိုင်မှု ပြန်လည်ပြည့်ဝလာပြီဖြစ်၍ ပါဝင်ကစားမည် ဖြစ်သည်။

အင်တာနည်းပြ မော်ရင်ဟိုက ချန်ပီယံလိဂ် ဗိုလ်လုပွဲ၌ ၄ း ၂ း ၃ း ၁ အခင်းအကျင်းဖြင့် ပွဲထွက်လာမည်ဟု ဆိုသည်။ အင်တာမီလန်မှထုတ်ပြန်သော ကစားသမားများမှာ ဂိုးသမားဆီဇာအပါအဝင် မိုင်ကွန်၊ လူစီယို၊ ဆင်မြူရယ်၊ ဇနက်တီ၊ ကမ်ဘီယာဆို၊ မွန်တာရီ၊ ရှနိုက်ဒါ၊ အီတူး၊ ပန်ဒက်ဗ်နှင့် မီလီတိုတို့ကို ပွဲထွက်ကစား သမားများအဖြစ် လျာထားသည်။

ဘိုင်ယန်မြူးနစ်

ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် အင်တာမီလန်နှင့် ယှဉ်ပြိုင်မည့် ဘိုင်ယန်မြူးနစ်အသင်းတွင် ရစ်ဘာရီမှာ ပွဲပယ် ပြစ်ဒဏ်ကြောင့် ပါဝင်ကစားနိုင်မည် မဟုတ်ချေ။ ဘိုင်ယန်မြူးနစ်က ပွဲပယ်ပြစ်ဒဏ်လျှော့ပေါ့ပေးရန် တင်ပြခဲ့ သော်လည်း ပယ်ချခဲ့သဖြင့် ရီဘာရီ ပါဝင်နိုင်မည်မဟုတ်ကြောင်း သတင်းထုတ်ပြန်ထားသည်။ ၎င်းနေရာကို အယ်လ်တင်တော့ပ်နှင့် အစားထိုးကစားစေမည် ဖြစ်သည်။ မူလာ၊ ကလိုဆေးနှင့် ဂိုမက်ဇ်တို့မှာ ကြွခိုင်မှုအပြည့်နှင့် ကစားရန် အသင့်ရှိနေသည်။ တောင်ပံကစားသမား ရော့ဘင်မှာ လေ့ကျင့်ကွင်း၌ ခြေချင်းဝတ်နှင့် ဒူးဒဏ်ရာ ရရှိထားသော်လည်း ဒဏ်ရာသက်သာနေပြီး ကြွခိုင်မှု ရာနှုန်းမပြည့်သော်လည်း ပါဝင်ကစားမည်ဖြစ်သည်။

ဗျူဟာ

ဘိုင်ယန်မြူးနစ်နည်းပြ ဗန်ဂေါလ်သည် ချန်ပီယံလိဂ်ဗိုလ်လုပွဲ၌ ၄ း ၄ း ၂ ဗျူဟာဖြင့် ပွဲထွက်မည်ဟု ပြောကြား ထားသည်။ ဘိုင်ယန်မြူးနစ်မှ ထုတ်ပြန်ထားသော ပွဲထွက်ကစားသမားများ စာရင်းမှာ ဂိုး-ဂျော့ဘတ် အပါအဝင် ဒီမီချီလစ်၊ ဗန်ဘိုင်တန်၊ ဘတ်စတူဘာ၊ အယ်လ်တင်တော့ပ်၊ ရှဝိန်းစတောဂါ၊ ဘွန်မဲလ်၊ ရော့ဘင်၊ အိုလစ်နှင့် မူလာတို့ဖြစ်ကြောင်း မေ ၂၁ရက်က သတင်းထုတ်ပြန်ထားသည်။ ***(အင်တာနက်)***

မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းမြို့တွင် ကျင်းပသည့် ကုလသမဂ္ဂ အာရှနှင့်ပစိဖိတ်ဒေသ စီးပွားရေးနှင့် လူမှုရေးကော်မရှင်၏ (၆၆)ကြိမ်မြောက် အစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။ (နိုင်ငံခြားရေး)

မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

၂၁

...ကော်မရှင်၏ (၆၆)ကြိမ်မြောက် အစည်းအဝေးကို ... ကျင်းပခဲ့သည်။

... ၁၇ရက်မှ ၁၉ရက်အထိ တက်ရောက်ခဲ့သည်။

အဓိကထားဆွေးနွေးခဲ့

ဝန်ကြီးအဆင့် အစည်းအဝေး ဥက္ကဋ္ဌအဖြစ် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Kim Tong Hoon က ဆောင်ရွက်သည်။ (၆၆)ကြိမ်မြောက် အစည်းအဝေးသည် စိန်ခေါ်မှု နှစ်ရပ်ဖြစ်သော အာရှနှင့်ပစိဖိတ်ဒေသတွင် စတင်နေသော စီးပွားရေး ပြန်လည်ဦးမော့လာမှုနှင့် ESCAP အဖွဲ့ဝင်နိုင်ငံ အစိုးရများက ပတ်ဝန်းကျင်အခြေခံသော စီးပွားရေးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ကို အထောက်အကူပြုသော နည်းပညာဖွံ့ဖြိုးတိုးတက်မှုကို ကျင့်သုံးသွားရန်၊ အဖွဲ့ဝင်နိုင်ငံများ စုပေါင်း ကြိုးပမ်းမှုများမှ တစ်ဆင့် ဒေသတွင်း စီးပွားရေး ပြန်လည်ဦးမော့လာမှုကို ဆက်လက်ထိန်းသိမ်းသွားရန် တို့ကို အဓိကရည်ရွယ်ချက်ထားရှိကာ ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် ယခုနှစ်အတွက် ရွေးချယ်ထားသော ဘာသာရပ်ခေါင်းစဉ် (Theme Topic)အဖြစ် အာရှ-ပစိဖိတ်ဒေသတွင် ကုလသမဂ္ဂ ထောင်စုနှစ် ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်နိုင်ရေးအတွက် ပံ့ပိုးပေးနိုင်သော ဘဏ္ဍာရေးစနစ်တစ်ရပ် တည်ထောင်ရေးနှင့် စဉ်ဆက်မပြတ် စီးပွားရေးတိုးတက်မှု ရရှိရေးတို့ကို ဆက်လက်ထားရှိကာ ဝန်ကြီးအဆင့် အစည်းအဝေး၌ ဆွေးနွေးခဲ့ကြသည်။

မိန့်ခွန်းပြောကြား

မေ ၁၇ရက်တွင် အစည်းအဝေးသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက အထွေထွေ မိန့်ခွန်းများကို ပြောကြားခဲ့ကြသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် မေ ၁၈ရက် မွန်းလွဲပိုင်းက အထွေထွေ မူဝါဒရေးရာ မိန့်ခွန်းပြောကြားခဲ့ရာ၌ ကုလသမဂ္ဂ ထောင်စုနှစ် ရည်မှန်းချက်ပန်းတိုင်များအား မြန်မာနိုင်ငံက အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ထည့်သွင်းပြောကြားခဲ့သည်။

ဦးစားပေးအကောင်အထည်ဖော်

ထို့အပြင် မြန်မာနိုင်ငံသည် ကုလသမဂ္ဂ ထောင်စုနှစ် ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်ရန် ကြိုးပမ်းနေကြောင်း၊ အာရှဒေသနိုင်ငံများသည် အဆိုပါ ရည်မှန်းချက်ပန်းတိုင်များ ပြည့်မီအောင် ကြိုးပမ်းရာတွင် အောင်မြင်မှုအတိုင်းအတာ မတူညီမှုများ ရှိနေသည့်အတွက် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ၌ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ပါးရေးတို့အတွက် ကုလသမဂ္ဂ ထောင်စုနှစ် ရည်မှန်းချက်ပန်းတိုင်များကို ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက် နေပါကြောင်းဖြင့်လည်း ပြောကြားခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် မေ ၁၈ရက် ညနေ ၄နာရီခွဲတွင် ESCAP အမှုဆောင် အတွင်းရေးမှူး ဒေါက်တာနီလင်း ဟေဇာ၏ မေတ္တာရပ်ခံချက်အရ ကုလသမဂ္ဂ ကွန်ဗင်းရှင်းစင်တာရှိ ၎င်း၏ ရုံးခန်း၌ တွေ့ဆုံဆွေးနွေးခဲ့သည်။ နှစ်ဖက်ဆွေးနွေးရာ၌ မြန်မာနိုင်ငံနှင့် ESCAP အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်နေသော လုပ်ငန်းများ၊ မြန်မာနိုင်ငံတွင် စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ESCAP အဖွဲ့က အကူအညီပေးရန် ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ဝန်ကြီးအဆင့် အစည်းအဝေးကို မေ ၁၉ရက်တွင် နောက်ဆုံးနေ့အဖြစ် ပြုလုပ်ခဲ့ပြီး အဆိုမူကြမ်း (၁၅)ခုနှင့် အစည်းအဝေး အစီရင်ခံစာတို့ကို အတည်ပြုနိုင်ခဲ့သည်။

ပြန်လည်ရောက်ရှိ

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်ကျော်၊ ညွှန်ကြားရေးမှူး ဦးကျော်စွာ၊ နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလွင်ဦးတို့နှင့်အတူ ယမန်နေ့ ညနေပိုင်းတွင် လေကြောင်းဖြင့် ပြန်လည်ရောက်ရှိလာသည်။ **(သတင်းစဉ်)**

ICT Development & Application (2/2010)

သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မေ ၂၁

ပညာရေးဝန်ကြီးဌာန အမှတ် (၃) အခြေခံပညာဦးစီးဌာနနှင့် Soft Guide Computer ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းစီစဉ်မှုဖြင့် ဖွင့်လှစ်ပို့ချခဲ့သည့် ICT Development & Application (2/2010) သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်ရှိ ပညာရေးဝန်ကြီးဌာန အမှတ် (၃) အခြေခံပညာဦးစီးဌာန ကွန်ပျူတာခန်းမ၌ကျင်းပရာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က သင်တန်းဆင်း အမှာစကားပြောကြားပြီး Soft Guide Computer ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးအောင်သန်းညွန့်က သင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် သင်တန်းတွင် ပထမဆုရရှိသည့် ဒေါ်သက်ဆုဝေ အထက(ခွဲ) လ-၁ ကြည့်မြင်တိုင်မြို့နယ်အား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်ကလည်းကောင်း၊ ဒုတိယဆု ရရှိကြသည့် ဒေါ်ဇာနည်အောင် အလက (၂) မရမ်းကုန်းနှင့် ဒေါ်ယဉ်ယဉ်နု အလက(၄) ကြည့်မြင်တိုင်တို့အား ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ) ဦးတင်လှိုင်ကလည်းကောင်း၊ အထူးဆုများရရှိကြသည့် ဒေါ်ဇင်အိအိအောင် အထက(၂) စမ်းချောင်းနှင့် ဒေါ်စုစုလှိုင်မင်း အထက(၂) ကြည့်မြင်တိုင်တို့အား မန်နေဂျင်းဒါရိုက်တာ ဦးအောင်သန်းညွန့်ကလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

ယင်းနောက် လက်ထောက်ညွှန်ကြားရေးမှူး(သင်ကြား) ဒေါ်ကြူကြူရွှေက သင်တန်းဆင်းလက်မှတ်များနှင့် သင်ကြားပို့ချကြသည့် ဆရာမများ၊ အထောက်အကူပြု ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ယင်းသင်တန်းသို့ ဆရာ ဆရာမ ၈၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ရက်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သင်တန်းဆင်းပွဲတွင် အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့် ပထမဆုရ ဒေါ်သက်ဆုဝေအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

စာအုပ်စာပေ လှူ့မိတ်ဆွေ

New Watch (စောင့်ကြည့်)ဂျာနယ် ထွက်ပြီ

ရန်ကုန် မေ ၂၁

မိုးကြိုမုန်တိုင်းကို သတိထား၊ မဟာဗန္ဓုလတံတားအဆင်း သစ်လုံးတင်ယာဉ် တိမ်းမှောက်ပြီး တက္ကစီကိုပိ၍ လူသုံးဦးသေဆုံး၊ NGO အဖွဲ့ ဝန်ထမ်းလျှော့ပြီး ဝန်ထမ်းအခွင့်အရေးမပေးဘဲထား၊ စက်မှုဇုန်များ၊ လုပ်ငန်းများ၊ ကုန်တိုက်များ၊ ပုဂ္ဂလိကဆေးရုံဆေးခန်းများရှိ ပါဝါမီတာ (လုပ်ငန်းသုံးမီတာ) ထရန်စဖော်များ ပိတ်မည်၊ နှောင်းတမြည့်မြည့်ကျန်ရစ်သော သုမောင်အကြောင်း၊ ကွမ်းခြံကုန်းမြို့နယ်၌ ဓားပြတိုက်မှုဖြစ်ပွား လူနှစ်ဦးသေဆုံး၊ ၂၀၁၀ ကမ္ဘာ့ဖလားမှာ နိုင်ခြေရှိတဲ့ အသင်းများအကြောင်း၊ ဇင်ယော်နီ၏ ကံကောင်းသည့်နံပါတ်၊ ရန်ကုန်မြို့ အလှည့်ကျ ဓာတ်အားပေးစနစ်နှင့် ဓာတ်အားပေးပုံ၊ ဆရာစံဇာဏီဘို၏ ခုနစ်ရက်သားသမီးအဟော၊ သဘောထားကြီးပြီး ခွင့်လွှတ်တတ်သော ဗိုလ်ချုပ်အောင်ဆန်း၏ ဖြစ်ရပ်တစ်ခု၊ ပုသိမ်-သလပ်ခွာ-မော်တင်စွန်း လမ်းသစ်ဖောက်၊ ကုန်တိုက်များ၊ ဈေးများ ဖယောင်းတိုင်၊ အမွှေးတိုင်၊ ခြင်ဆေးခွေ မထွန်းရ၊ ထွန်းကဆိုင်ခန်းပိတ်သိမ်းအရေးယူမည်၊ ရန်ကုန်မြို့ ကုန်ဈေးတန်းလမ်း သတင်း၊ ဟင်းချက်ငရုတ်သီးမှုန့်တွင် အုန်းသီးမှုန့်၊ အုန်းဆန်ခွံမှုန့်များ ထည့်သွင်း၊ လျှပ်စစ်အခက်အခဲကြောင့် ငါးမွေးသူများနှင့် အအေးခန်းလုပ်ငန်းရှင်များ အခက်တွေ့။

ထိုင်းရှပ်နီခေါင်းဆောင်များ လက်နက်ချ၊ အလွန်စည်ကားခဲ့သော ထိုင်းဗန်ကောက်မြို့ ညမထွက်ရအမိန့်ဖြင့် တိတ်ဆိတ်ခြောက်ကပ်၊ အိန္ဒိယမှာ မော်ဝါဒီများ သောင်းကျန်း၊ အီရန်ယူရေနီယံ တူရကီသို့ပို့ဆောင် သန့်စင်မည်၊ ရောဘတ်မူဂါဘီက ကင်ဂျုံအီးလ်အတွက် ဆင်ပေါက်နှစ်ကောင် မေတ္တာလက်ဆောင်၊ အိုဘားမားအကြောင်း၊ အင်ဒိုနီးရှားဒါရိုက်တာ ရုပ်ရှင်ရိုက်မည်။

ဖြန့်ချိ

Gee Gee သီချင်းနှင့် မျိုးဆက်သစ် မိန်းကလေးများ၊ လီဂျွန်ကီးနှင့် F4 ချစ်သူမှ လီမင်ဟို စသည်တို့နှင့် New Watch (စောင့်ကြည့်) ဂျာနယ် အတွဲ (၅)၊ အမှတ် (၄၃) ထုတ်ဝေဖြန့်ချိလိုက်သည်။ **(သတင်းစဉ်)**

မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

ယခုအချိန်အခါသည် ပူပြင်းပြီး မိုးကြိုကာလဖြစ်သည်နှင့်အညီ ဘင်္ဂလားပင်လယ်အော်နှင့် မြန်မာ့ပင်လယ်ပြင်တို့တွင် လေဖိအားနည်းရပ်ဝန်းများ၊ မုန်တိုင်းများ ဖြစ်ပေါ်လေ့ရှိပါသည်။ မြန်မာ့ကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်သည့် မုန်တိုင်းဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်စေနိုင်ပါသည်။

သို့ဖြစ်၍ မုန်တိုင်းဘေးအန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) တီဗွီ၊ ရေဒီယိုနှင့် FM ရေဒီယိုများမှ ထုတ်လွှင့်သော ''မုန်တိုင်းသတင်း''နှင့် ''မုန်တိုင်းသတိပေးချက်''များကို ကိုယ်တိုင်ဂရုတစိုက် ကြည့်ရှုနားထောင်ပါ၊ ကောလာဟလသတင်းများကို မယုံကြည်ပါနှင့်။

(၂) ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်၍ မြန်မာနိုင်ငံအတွက် အန္တရာယ်မရှိပါက ''မုန်တိုင်းသတင်း''အဖြစ် ထုတ်ပြန်ကြေညာပြီး မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်တိုက်ခတ်မည်ဆိုပါက ''မုန်တိုင်းသတိပေးချက်''အဖြစ် ထုတ်ပြန်ကြေညာလျက်ရှိပါသဖြင့် သတင်းထုတ်ပြန်ချက်များကို သေချာစွာ ဂရုပြုနားထောင်ပါ။

(၃) မုန်တိုင်းသတိပေးချက်အရ မိမိတို့နေထိုင်ရာဒေသသို့ အင်အားပြင်းထန်သည့် မုန်တိုင်း ဖြတ်သန်းဝင်ရောက်နိုင်ပါက မိမိ မိသားစုဝင်များအား ဘေးကင်းရာသို့ အမြန်ဆုံးရောက်နိုင်မည့်လမ်းကို အသုံးပြု၍ ကြိုတင်ရှောင်ရှားပါ။ အရေးကြီးပစ္စည်းများနှင့် ရေဒီယို၊ ဓာတ်မီး၊ သောက်ရေ၊ ကြာရှည်ခံအစားအစာ၊ ဆေးဝါး၊ မိမိပိုင် ကျွဲ၊ နွားများကို ယူဆောင်သွားနိုင်ရန် စီစဉ်ထားပါ။

(၄) ပင်လယ်ပြင် ငါးဖမ်းထွက်သူများ၊ နယ်ဝေးခရီးရှည် ထွက်ခွာသူများကိုလည်း မုန်တိုင်းသတိပေးချက် သိရှိနိုင်ရန် ဆက်သွယ်သတင်းပို့ပါ။

(၅) ကလေးသူငယ်များ၊ နာမကျန်းသူများနှင့် သက်ကြီးရွယ်အိုများကို ဘေးလွတ်ရာသို့ ခေါ်ဆောင်သွားနိုင်ရေး ဆောင်ရွက်ပါ။

(၆) ပျက်စီးဆုံးရှုံးနိုင်သော ပစ္စည်းများကို လုံခြုံစိတ်ချရသောနေရာတွင် စနစ်တကျ ထုပ်ပိုးသိမ်းဆည်းထားပါ။

(၇) မုန်တိုင်းဝင်ရောက်တိုက်ခတ်ချိန်တွင် မုန်တိုင်းဘေးလွတ်ကင်းနိုင်သည့် ခိုလှုံရာနေရာ၌ မိမိ မိသားစုဝင်များအားလုံး ပြင်ပသို့ မထွက်ဘဲ နေထိုင်ပါ။ မိမိခိုလှုံသည့် အဆောက်အအုံသည် ပြိုကျနိုင်ပါက ခိုင်ခံ့သည့် စားပွဲ၊ ခုတင်များ၏အောက်တွင် ခိုလှုံနေထိုင်ပါ။

(၈) မုန်တိုင်းအန္တရာယ် ကင်းရှင်းကြောင်း သက်ဆိုင်ရာမှ ထုတ်ပြန်ချက်ရရှိမှသာ အဆောက်အအုံပြင်ပသို့ထွက်ပါ။ မိမိ မိသားစုဝင်များ ထိခိုက်မှုရှိပါက ဆေးကုသမှုခံယူပါ။

(၉) သက်ဆိုင်ရာမှ ထုတ်ပြန်သည့်သတင်းနှင့် အကြံပြုချက်များကိုသာ ယုံကြည်ပြီး လိုက်နာဆောင်ရွက်ပါ။

(၁၀) မုန်တိုင်းတိုက်ခတ်ပြီးချိန်တွင် အပျက်အစီးများကို တာဝန်မရှိဘဲ လှည့်လည်ကြည့်ရှုခြင်း မပြုလုပ်ပါနှင့်။ ပြတ်ကျနေသော လျှပ်စစ်မီးကြိုးများကို မထိမိစေရန် ရှောင်ရှား၍ နီးစပ်ရာ လျှပ်စစ်ရုံးသို့ အကြောင်းကြားပါ။

(၁၁) ဝမ်းရောဂါကျရောက်တတ်သဖြင့် ရေကိုကျိုချက်၍သောက်ပါ။ အအေးမိဖျားနာခြင်း မဖြစ်စေရန် နွေးထွေးစွာနေပါ။

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ

မြန်မာ့အလင်း ကျန်းမာရေးရာ သတင်းသုတ

ကောင်းမြတ်သူ - စုစည်းသည်

ကလေးများသို့ အိတ်ချ်အိုင်ဗွီမကူးစက်ရေး မိခင်များဂရုပြုသင့်

လန်ဒန် မေ ၂၁

သက္ကရာဇ် ၂၀၁၅ခုနှစ်အရောက် ကလေးများ မွေးဖွားကြရာတွင် အိတ်ချ်အိုင်ဗွီပိုးရှိသော ကလေးများ ပို၍များပြားမလာရေး ကမ္ဘာ့ရန်ပုံငွေ အဖွဲ့ကြီးက တိုက်တွန်းထားသည်။

သုံးစွဲ

ယင်းရန်ပုံငွေအဖွဲ့ကြီးက လာမည့်သုံးနှစ်အတွင်း ကလေးများအား အိတ်ချ်အိုင်ဗွီ၊ တီဘီနှင့် ငှက်ဖျားရောဂါများ မကူးစက်ရေးအတွက် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ အကုန်အကျခံ၍ သုံးစွဲသွားရန် စီစဉ်လျက်ရှိသည်။

ပျံ့နှံ့ကူးစက်

အိတ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ပိုးသည် ကလေးများသို့ မိခင်များထံမှ ကိုယ်ဝန်ဆောင်စဉ်သော် လည်းကောင်း၊ နို့တိုက်ရာတွင် လည်းကောင်း၊ ကလေးမွေးခန်းမှလည်းကောင်း ပျံ့နှံ့ကူးစက်ခံနေရသည်။

တိုက်တွန်း

ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နှစ်စဉ်ကလေး ၄၃၀၀၀၀ အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခံနေကြရသည်။ ယင်းအတွက် သက်ဆိုင်ရာအစိုးရများက ရောဂါထိန်းချုပ်ရေး ကြိုးပမ်းသွားကြရန်လည်း ကမ္ဘာ့ရန်ပုံငွေအဖွဲ့က တိုက်တွန်းထားသည်။

ခန္ဓာကိုယ်အဆီကျဆေး သုံးစွဲမှုများလျှင် အသည်းနှင့်ကျောက်ကပ် ထိခိုက်နိုင်

ခန္ဓာကိုယ် အဆီကျဆေးများ အလွန်အကျွံ သုံးစွဲပါက ဘေးထွက်ဆိုးကျိုးများ ရရှိခံစားရဖွယ်ရှိကြောင်း သုတေသီများက သတိပေးပြောကြားလိုက်သည်။

သတိပေး

ဆန်ခါတင် ကိုလက်စထရော အဆီကျဆေးများ အလွန်အကျွံ သုံးစွဲမိပါက အသည်းနှင့်ကျောက်ကပ်များ ထိခိုက်ပျက်စီးစေနိုင်ကြောင်း နော့တင်ဟမ်တက္ကသိုလ်မှ သုတေသနပညာရှင်များက သတိပေးထားခြင်း ဖြစ်သည်။

လျှော့ချ

ဗြိတိန်နိုင်ငံတွင် သန်းပေါင်းများစွာသော အရွယ်ရောက်ကြသူများသည် ကိုလက်စထရော အဆီကျဆေးများ သုံးစွဲလျက်ရှိသည်။ ထိုသို့ သုံးစွဲနေကြခြင်းမှာ ခန္ဓာကိုယ် အဝလွန်မှု လျှော့ချရန်ဖြစ်သည်။ အထူးသဖြင့် ခန္ဓာကိုယ် အဝလွန်မှုကြောင့် ဖြစ်ပွားလာမည့် နှလုံးရောဂါနှင့် လေဖြတ်ခြင်းတို့ကို လျှော့ချရန်အတွက် ရည်ရွယ်ပြီး သုံးစွဲနေကြခြင်းဖြစ်ကြောင်း ဗြိတိသျှ သုတေသီများက ပြောကြားသည်။

ခန္ဓာကိုယ်အဆီကျဆေးများ သုံးစွဲမှုများပါက အသည်းနှင့်ကျောက်ကပ် ကြွက်သားများ အားနည်းလာပြီး ထိခိုက်ပျက်စီးမှုများ ဖြစ်နိုင်သည်ဟု ဆိုသည်။

လေ့လာတွေ့ရှိ

နော့တင်ဟမ်တက္ကသိုလ်မှ သုတေသီများသည် အင်္ဂလန်နှင့် ဝေလတို့မှ အသက် ၃၀မှ ၈၀ကြားရှိ ပြည်သူနှစ်သန်းကျော်တို့အား ခြောက်နှစ်ကြာ သုတေသနပြုရာမှ အဆီကျဆေး အလွန်အကျွံသုံးစွဲသူများမှာ အသည်းနှင့် ကျောက်ကပ်ရောဂါများ ခံစားနေကြရသည်ကို လေ့လာတွေ့ရှိခဲ့ခြင်း ဖြစ်သည်။ *(အင်တာနက်)*

အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနေ့

ဒေါက်တာစန်းဝင်း
(ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်)

နှစ်စဉ် မေလ ၂၂ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနေ့အဖြစ် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ပေးထားသည်။ ဇီဝမျိုးစုံမျိုးကွဲဆိုသည်မှာ အပင်နှင့်တိရစ္ဆာန် မျိုးရင်းမျိုးစိတ်များ၊ ဇီဝမျိုးရိုးအရင်းအမြစ်များ ၎င်းတို့အချင်းချင်း အပြန်အလှန်ဆက်စပ်မှုများ ဖြစ်ကြပါသည်။ တစ်နည်းအားဖြင့် ကမ္ဘာပေါ်ရှိ အပင်နှင့် သတ္တဝါအားလုံးပါဝင်သော သက်ရှိအားလုံး (All Life on Earth) ဟု ဆိုလိုပါသည်။

ကုလသမဂ္ဂအဖွဲ့ကြီးသည် လူသားများ အသက်ရှင်နေထိုင်နိုင်ရေးအတွက် အလေးထားဆောင်ရွက်ရမည့် အရေးကြီးသောကိစ္စများကို မမေ့မလျော့စေရန်နှင့် လူသားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်စေရန်အတွက် ကိစ္စရပ်များအလိုက် ကမ္ဘာ့အထိမ်းအမှတ်နေ့များကို သတ်မှတ်ပေးလျက်ရှိပါသည်။ ထိုသတ်မှတ်ပေးထားသော နေ့များအနက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နေ့ရက်အချို့ကို ဖော်ပြရလျှင် မေလ ၂၂ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေ့အဖြစ် လည်းကောင်း၊ ဇွန်လ ၅ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် လည်းကောင်း၊ ဇွန်လ ၁၇ရက်နေ့ကို ကမ္ဘာ့သဲကန္တာရနှင့် ပူပြင်းခြောက်သွေ့မှု တိုက်ဖျက်ရေးနေ့အဖြစ် လည်းကောင်း၊ စက်တင်ဘာလ ၁၆ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အိုဇုန်းနေ့အဖြစ်လည်းကောင်း သတ်မှတ်ပေးထားပါသည်။

ယင်းအပြင် ကုလသမဂ္ဂအဖွဲ့ကြီးက နှစ်အလိုက် ကမ္ဘာ့လူသားများ အထူးအာရုံစိုက် အလေးအနက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကိုလည်း သတ်မှတ်ပေးနေပါသည်။ ဥပမာအားဖြင့် ၂၀၁၀ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများနှစ် (International Year of Biodiversity) အဖြစ်လည်းကောင်း၊ ၂၀၁၁ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ် (International Year of Forest) အဖြစ်လည်းကောင်း သတ်မှတ်ပေးထားပါသည်။

ဇီဝမျိုးစုံမျိုးကွဲများ အဆက်မပြတ် ပျောက်ကွယ်ပျက်စီးခြင်းကို စိုးရိမ်ပြီး ယင်းကိစ္စကို ကမ္ဘာ့သူ၊ ကမ္ဘာ့သားများ သိစေရေးနှင့် ဝိုင်းဝန်းထိန်းသိမ်းရေးအတွက် ၂၀၁၀ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများနှစ်အဖြစ် သတ်မှတ်ပေးခဲ့ပါသည်။ ထိုသို့သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ တင်ပြရလျှင် ၂၀၀၂ခုနှစ်က တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စ်ဘတ်မြို့၌ ကျင်းပခဲ့သော ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ထိပ်သီးညီလာခံ (World Summit on Sustainable Development-WSSD) ၌ ၂၀၁၀ခုနှစ်တွင် ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းပျောက်မှုကို သိသိသာသာ လျှော့ချနိုင်ရေးဟူသော ရည်မှန်းချက်ကိုချမှတ်ခဲ့ပြီး ယင်းရည်မှန်းချက်ရရှိနိုင်ရန် လိုအပ်သော အစီအမံများကို ဖော်ပြပါညီလာခံ၌ ထည့်သွင်းဆွေးနွေးခဲ့ပါသည်။ ထို့နောက် ကုလသမဂ္ဂညီလာခံကြီးက ယင်းအစီအမံများကို အတည်ပြုပေးခဲ့ပါသည်။ တစ်ဆက်တည်းမှာပင် အဆိုပါ ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ ရည်မှန်းချက်ကို ထောင်စုနှစ် ရည်မှန်းချက်များအနက် အမှတ်(၇) ရည်မှန်းချက်ဖြစ်သော "ပတ်ဝန်းကျင်ကောင်း ရေရှည်တည်တံ့မှုသေချာစေရေး" (To Ensure Environmental sustainability) ဟူသော ခေါင်းစဉ်အောက်တွင် ထည့်သွင်းထားခဲ့ပါသည်။

၂၀၁၀ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနေ့၏ ရည်မှန်းချက်မှာ "ဇီဝမျိုးစုံမျိုးကွဲများသည် ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက်" (Biodiversity for Development and Poverty Alleviation) ဟူ၍ ဖြစ်ပါသည်။

ရှေးဦးစွာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး သဘောတူစာချုပ် (Convention on Biodiversity-CBD)အကြောင်း တင်ပြလိုပါသည်။ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး သဘောတူစာချုပ်ကို ၁၉၉၂ ခုနှစ်က ချုပ်ဆိုခဲ့ပြီး အဖွဲ့ချုပ်မှာ ကနေဒါနိုင်ငံ မွန်ထရီယယ်မြို့၌ တည်ရှိပါသည်။ ယနေ့အထိ စာချုပ်အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃နိုင်ငံ ရှိပါသည်။ CBD စာချုပ်၏ အဓိကရည်ရွယ်ချက်သုံးခုမှာ-

(၁) ဇီဝမျိုးစုံမျိုးကွဲများ မပျောက်မပျက်စေရန်အတွက် ထိန်းသိမ်းကာကွယ်ရေး၊
(၂) ဇီဝမျိုးစုံမျိုးကွဲ၏ အကျိုးကျေးဇူးများကို စဉ်ဆက်မပြတ် အသုံးပြုနိုင်ရေးနှင့်
(၃) ဇီဝမျိုးရိုးထိန်းသိမ်းခြင်းမှ ရရှိလာသော အကျိုးကျေးဇူးများကို ညီတူမျှတူ ခွဲဝေသုံးစွဲရေးတို့ပင် ဖြစ်ပါသည်။

ဇီဝမျိုးစုံမျိုးကွဲများသည် လူသားတို့ အသက်ရှင်နေထိုင်ရေးအတွက် အလွန်အရေးပါမှုများ

(၁) ဆေးဝါးအတွက် အရေးပါမှု

ဇီဝမျိုးစုံမျိုးကွဲများမှာ လူသားများ အသက်ရှင်နေထိုင်ရေးအတွက် တိုက်ရိုက်အထောက်အပံ့ပေးမှုတို့မှာ အစားအစာ၊ ရေချို၊ ရေကောင်းရေသန့်၊ သစ်နှင့် သစ်တောထွက်ပစ္စည်းများ အစရှိသည်တို့ ဖြစ်ပါသည်။ ယင်းအပြင် လူသားတို့ အသက်ရှင်နေထိုင်ရေးအတွက်-

(က) ရာသီဥတုနှင့်ပတ်သက်ပြီး ပံ့ပိုးမှုများတွင် ဥတုရာသီမျှတစေခြင်း၊
(ခ) သဘာဝဘေးမှ ကာကွယ်ပေးမှုတွင် ရေလွှမ်းမိုးမှုမှ ကာကွယ်ပေးခြင်း၊
(ဂ) ကျန်းမာရေးနှင့်ပတ်သက်ပြီး ရောဂါကာကွယ်ပေးခြင်း၊ ရေကို သန့်ရှင်းစင်ကြယ်စေခြင်း၊
(ဃ) သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာ အထောက်အပံ့တွင် ပညာရေးဆိုင်ရာ လေ့လာစရာနေရာအဖြစ် တည်ရှိနေခြင်း၊
(င) စိတ်ပျော်ရွှင်ရေးအတွက် အပန်းဖြေနေရာအဖြစ် တည်ရှိနေခြင်း၊ ရိုးရာယုံကြည်ကိုးကွယ်မှုအတွက် ပံ့ပိုးပေးခြင်းနှင့် သဘာဝ အလှအပများ ဖန်တီးပေးခြင်းတို့ ပါဝင်ပါသည်။

အဆိုပါအချက်များအနက် လူသားတို့ အသက်ရှင်နေထိုင်ရေးအတွက် တိုက်ရိုက် အထောက်အကူပြုနေသော ဆေးဝါး၊ အစားအစာနှင့် ရာသီဥတုကောင်းမွန်မှုဖြစ်စေရေးအတွက် အထောက်အပံ့ပေးနေမှုကို တင်ပြလိုပါသည်။

(၂) ဆေးဝါးအတွက် အသုံးဝင်မှု

ယနေ့ ကမ္ဘာပေါ်တွင် အပင်မျိုးရင်းပေါင်း ၃၀၀၀၀၀ ကျော် တွေ့ရှိပြီးဖြစ်ပါသည်။ ခေတ်မီဆေးဝါးများ၏ ၅၀ရာခိုင်နှုန်းကျော်သည် အပင်ကို အခြေပြု ထုတ်လုပ်ထားခြင်းဖြစ်ပြီး ကမ္ဘာ့လူသား ၈၀ ရာခိုင်နှုန်း(သန်း ၄၀၀၀ ကျော်) သည် အပင်၊ အခေါက်၊ အရွက်၊ အသီး၊ အပွင့်၊ အမြစ်တို့ကို အခြေခံကာ ထုတ်လုပ်ထားသော ရိုးရာတိုင်းရင်းဆေးများကို သုံးစွဲနေရဆဲဖြစ်ပါသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိလူများသည် တိုင်းရင်းဆေးများကို အားထားသုံးစွဲနေရပါသည်။ အာဖရိကတိုက်၏ ၈၀ ရာခိုင်နှုန်းသော လူများမှာ အပင်နှင့် သတ္တဝါတို့အပေါ် အခြေပြုထုတ်လုပ်ထားသော ရိုးရာတိုင်းရင်းဆေးကို မှီဝဲနေရသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခန့်မှန်းထားပါသည်။ အပင်ကိုအခြေပြုပြီး ထုတ်လုပ်ထားသော ဆေးဝါးဈေးကွက်မှာ တစ်ကမ္ဘာလုံးတွင် နှစ်စဉ် ၄၃ ဘီလီယံရှိသည်ဟု သိရပါသည်။

(၃) အစားအသောက်အတွက် အရေးပါမှု

ကမ္ဘာ့လူဦးရေ၏ ခြောက်ပုံတစ်ပုံသည် ၎င်းတို့ အသက်ရှင်နေထိုင်ရေးအတွက် ကာကွယ်တောများအပေါ် မှီတည်နေရပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူဦးရေ သန်း ၁၀၀၀ ကျော်မှာ ငါးကို အဓိကအစားအစာအဖြစ် စားသုံးလျက်ရှိပါသည်။ ငါးထုတ်လုပ်မှုမှာ တစ်ကမ္ဘာလုံးတွင် နှစ်စဉ် ၅၈ ဘီလီယံရှိသည်ဟု သိရပါသည်။ လူဦးရေသန်းပေါင်း ၁၆၀၀ သည် ၎င်းတို့အသက်ရှင်နေထိုင်ရေးအတွက် သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ရောင်းချမှုကို အခြေခံနေရသည်။ ဇီဝမျိုးစုံမျိုးကွဲများမှ ရေချို ရေကောင်းရေသန့်များကိုလည်း ထုတ်လုပ်ပေးလျက်ရှိပါသည်။

(၄) ရာသီဥတုကောင်းမွန်မှုဖြစ်စေရေး ပံ့ပိုးမှု

ကမ္ဘာ့ပျမ်းမျှအပူချိန်မှာ ၁၈၅၀ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း ၀ ဒသမ ၇၆ ဒီဂရီစင်တီဂရိတ်ခန့် တိုးလာပါသည်။ ၂၁၀၀ ခုနှစ်တွင် ကမ္ဘာ့အပူချိန်သည် ၁ ဒသမ ၄ ဒီဂရီစင်တီဂရိတ်မှ ၅ ဒသမ ၈ ဒီဂရီစင်တီဂရိတ်အထိ တိုးလာနိုင်ကြောင်းလည်း ခန့်မှန်းထားပါသည်။ ထိုမျှလောက် အပူချိန်တိုးလာရုံမျှနှင့်ပင် သဘာဝဘေးအန္တရာယ်များသည် အကြိမ်အရေအတွက် ပိုများလာသကဲ့သို့ ပိုမိုလည်း ပြင်းထန်လာသည်ကို အားလုံးအသိပင် ဖြစ်ပါသည်။ အပူချိန်လျှော့ချရေးအတွက်လည်း ဇီဝမျိုးစုံမျိုးကွဲတို့နှင့် ဂေဟစနစ်တို့သည် အရေးပါပါသည်။ ကမ္ဘာကြီးပူနွေးစေသော ဓာတ်ငွေ့များစုပ်ယူမှုမှာ ဂေဟစနစ်အတွင်း ကာဗွန်ဒိုင်အောက်ဆိုက် ၂၅၀၀ ဂီဂါတန်၊ ပင်လယ်သမုဒ္ဒရာမှာ ၃၈၀၀၀ (ပင်လယ်သမုဒ္ဒရာ၏ ရေတိမ်ပိုင်းမှာ ၁၀၀၀နှင့် ပင်လယ်ရေနက်ပိုင်းမှာ ၃၇၀၀၀) ဂီဂါတန် စုပ်ယူထားပါသည်။ လေထုထဲတွင်ရှိသော ကာဗွန်ဒိုင်အောက်ဆိုက်မှာ ဂီဂါတန် ၇၅၀ သာ ရှိသောကြောင့် လေထုထဲ၌ရှိသော ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏသည် ပင်လယ်သမုဒ္ဒရာနှင့် ဂေဟစနစ်အတွင်းမှာရှိသည့် ကာဗွန်ဒိုင်အောက်ဆိုက်၏ ၅၄ ပုံ တစ်ပုံသာရှိသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ဇီဝမျိုးစုံမျိုးကွဲတို့တည်ရှိရာ ဂေဟစနစ်နှင့် ပင်လယ်သမုဒ္ဒရာသည် ကမ္ဘာကြီးပူနွေးစေသော ဓာတ်ငွေ့ဘယ်လောက်များများ စုပ်ယူထားသည်ကို သိနိုင်ပါသည်။ တစ်နည်းအားဖြင့် ကမ္ဘာမြေအလွန့်အလွန် ပူပြင်းလာမှုမှ ကာကွယ်နေသည်ကို သိသာနိုင်ပါသည်။ ဇီဝမျိုးစုံမျိုးကွဲများ စောင့်ရှောက်ပါက ရာသီဥတုပြောင်းလဲမှုကို လျော့ပါးစေနိုင်ပါသည်။ ဂေဟစနစ်၏ ထောက်ပံ့ပေးမှုတန်ဖိုးကို တွက်ဆထုတ်ပြန်မှုတစ်ခုတွင် နှစ်စဉ် ၃၃ ထရီလီယံဝန်းကျင်ရှိကြောင်း သိရပါသည်။

မြန်မာနိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းမှု

မြန်မာနိုင်ငံသည် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းမှုစာချုပ်ကို ၁၉၉၄ခုနှစ်တွင်လည်းကောင်း၊ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသ အပင်များကာကွယ်ခြင်း သဘောတူစာချုပ်ကို ၁၉၅၉ ခုနှစ်တွင် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်သော အပင်နှင့် တိရစ္ဆာန်များ တရားမဝင်ရောင်းဝယ်ဖောက်ကားမှု တားမြစ်ရေးစာချုပ်ကို ၁၉၉၇ခုနှစ်တွင် လည်းကောင်း၊ နိုင်ငံတကာ ရေပျော်ငှက်များခိုလှုံကျက်စားရာ နေရင်းဒေသများအဖြစ် အရေးပါသည့် ရေတိမ်ဒေသများ ထိန်းသိမ်းရေးကွန်ဗင်းရှင်းကို ၂၀၀၄ ခုနှစ်တွင် လည်းကောင်း၊ ဇီဝလုံခြုံမှုစာချုပ်ကို ၂၀၀၁ ခုနှစ်တွင်လည်းကောင်း၊ အာဆီယံဇီဝမျိုးစုံမျိုးကွဲဗဟိုဌာန တည်ထောင်မှုစာချုပ်ကို ၂၀၀၉ ခုနှစ်တွင် လည်းကောင်း၊ အာဆီယံသဘာဝအမွေအနှစ်များ ထိန်းသိမ်းရေးစာချုပ်ကို ၂၀၀၃ ခုနှစ်တွင် လည်းကောင်း ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး သဘောတူစာချုပ်များပါ အချက်အလက်များအတိုင်း ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးကို ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၀၉ ခုနှစ်က ဇီဝမျိုးစုံမျိုးကွဲစာချုပ် စတုတ္ထအကြိမ် မြန်မာနိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု အစီရင်ခံစာကို အချိန်မီ သက်ဆိုင်ရာသို့ ပေးပို့နိုင်ခဲ့ပါသည်။

ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု ဥပဒေများနှင့် စပ်လျဉ်း၍လည်း ၁၈၇၉ ခုနှစ်တွင် ဆင်ရိုင်းများကာကွယ်ရေးဥပဒေကို စတင်ထုတ်ပြန်ခဲ့ပြီး ပထမဆုံးသစ်တောဥပဒေကို ၁၈၈၁ ခုနှစ်တွင် လည်းကောင်း၊ တောရိုင်းတိရစ္ဆာန်များ ကာကွယ်ရေးဥပဒေကို ၁၉၃၆ ခုနှစ်တွင် လည်းကောင်း၊ အပင်နှင့် တောရိုင်းတိရစ္ဆာန်များ သဘာဝထိန်းသိမ်းရေး ဧရိယာဥပဒေကို ၁၉၉၄ ခုနှစ်တွင်လည်းကောင်း ထုတ်ပြန်ခဲ့ပြီး ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် အာရှတိုက်တွင် သဘာဝစနစ်ကွဲပြားမှုများပြား၍ ဇီဝမျိုးစိတ်များကြွယ်ဝသော နိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်ထားခြင်းခံရပါသည်။ မြန်မာနိုင်ငံတွင် အပင်အမျိုးအစား ၁၁၈၀၀၊ ဆေးဖက်ဝင်အပင် ၈၄၁ ပင်နှင့် ဝါးမျိုးပေါင်း ၃၇ မျိုးတို့ ရှိပါသည်။ မြန်မာ့တရားဝင် တောရိုင်းတိရစ္ဆာန်စာရင်းအရ နို့တိုက်သတ္တဝါ ၂၅၁၊ ငှက်မျိုးပေါင်း ၁၀၅၆၊ တွားသွားသတ္တဝါများဖြစ်သော မြွေ ၁၅၃၊ ပုတ်သင်ညို ၈၇၊ လိပ်မျိုးပေါင်း ၃၂၊ ဖားမျိုး ၇၉၊ ရေချိုငါး ၃၁၀၊ ပင်လယ်ငါး ၄၅၆တို့ ရှိပါသည်။

မြန်မာနိုင်ငံတွင် စုစုပေါင်းဧရိယာ ၃ ဒသမ ၉၃ ရာခိုင်နှုန်းကို ကာကွယ်တော/သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ထားပြီး ၃ ဒသမ ၃၇ ရာခိုင်နှုန်းကို ကာကွယ်တောအဖြစ်သတ်မှတ်ရန် အဆိုပြုထားပါသည်။ ယင်းတွင် ဘေးမဲ့တော ၃၄ခု၊ အမျိုးသားဥယျာဉ် ခြောက်ခုနှင့် အမျိုးသားအဏ္ဏဝါဥယျာဉ်တစ်ခုတို့ ပါဝင်ပါသည်။ ၁၉၉၄ ခုနှစ် ဥပဒေတွင် အကာအကွယ်ပေးထားသော သားရဲတိရစ္ဆာန်များမှာ နို့တိုက်သတ္တဝါ ၃၉မျိုး၊ ငှက်မျိုးပေါင်း ၃၁၂၊ တွားသွားသတ္တဝါ ကိုးမျိုးကို အပြည့်အဝ ကာကွယ်ပေးထားပြီး နို့တိုက်သတ္တဝါ ၁၂မျိုး၊ ငှက်မျိုးပေါင်း ၄၃မျိုးနှင့် တွားသွားသတ္တဝါ ခြောက်မျိုးကို သာမန်ကာကွယ်ထားပါသည်။ ရာသီအလိုက် ကာကွယ်ပေးထားသော သတ္တဝါများမှာ နို့တိုက်သတ္တဝါနှစ်မျိုးနှင့် ငှက် ၁၃မျိုးတို့ ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ ကမ္ဘာပေါ်တွင် မျိုးသုဉ်းရန် အန္တရာယ်ရှိနေသည့် ဇီဝမျိုးစုံမျိုးကွဲများကို အောက်ပါအတိုင်း တွေ့နိုင်ပါသည် -

	မျိုးသုဉ်းရန်အန္တရာယ်ကြီးမားစွာရှိ	မျိုးသုဉ်းရန်အန္တရာယ်ရှိ	မျိုးသုဉ်းနိုင်လွယ်သည့်အခြေအနေရှိ	စုစုပေါင်း
နို့တိုက်သတ္တဝါ	၄	၉	၂၆	၃၉
ငှက်	၄	၈	၂၃	၃၅
တွားသွားသတ္တဝါ	၄	၁၀	၇	၂၁
ကျောရိုးမဲ့သတ္တဝါ	၀	၀	၁	၁
အပင်	၁၃	၁၂	၁၃	၃၈
စုစုပေါင်း	၂၅	၃၉	၇၀	၁၃၄

ဇီဝမျိုးစုံမျိုးကွဲများလျော့နည်းပျောက်ကွယ်ရခြင်းအကြောင်းရင်းများ

ဇီဝမျိုးစုံမျိုးကွဲများ ပျောက်ကွယ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ ဇီဝမျိုးစုံမျိုးကွဲများတည်ရှိသည့် မူရင်းဒေသများကို အခြားမြေအသုံးပြုမှုသို့ ပြောင်းလဲခြင်းပင် ဖြစ်ပါသည်။ ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ရင်းဖြင့် ဇီဝမျိုးစုံမျိုးကွဲများတည်ရှိရာ တောတောင်ရေမြေများ၏ မြေအသုံးချပုံစံ ပြောင်းလဲခဲ့ပါသည်။ ထိုပြောင်းလဲခြင်းနှင့်အတူ ဇီဝမျိုးစုံမျိုးကွဲတို့ ပျောက်ကွယ်နေပါသည်။ ဇီဝမျိုးစုံမျိုးကွဲများတည်ရှိသည့် သစ်တောကြီးများသည် ကြောက်ခမန်းလိလိ ပျက်စီးနေပါသည်။ ယနေ့ကမ္ဘာတွင် ၂၀၀၀ ပြည့်နှစ်မှစပြီး သစ်တောဧရိယာ ဧက ၁၅သန်းခန့် နှစ်စဉ်ပျက်စီးလျက်ရှိသည်ဟု သိရပါသည်။ ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝမှုသည်လည်း ၁၉၇၀ ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်း ၄၀ ရာခိုင်နှုန်း လျော့ကျခဲ့သည်ဟု သိရှိရပါသည်။

ဒုတိယအကြောင်းရင်းမှာ ဇီဝမျိုးစုံမျိုးကွဲများမှ ထုတ်လုပ်ပေးနိုင်သော ပမာဏထက် ပိုမိုထုတ်ယူနေခြင်းပင် ဖြစ်ပါသည်။ ဆေးဝါး၊ အစားအစာ၊ သစ်တောထွက်ပစ္စည်း စသည်ဖြင့် ဇီဝမျိုးစုံမျိုးကွဲများမှ ထုတ်လုပ်ပေးနိုင်သော အတိုင်းအတာထက် ၂၀ ရာခိုင်နှုန်း ပိုမိုထုတ်လုပ်စားသုံးနေသည်ဟု သိရပါသည်။ တတိယအချက်မှာ ဒေသမတူသောနေရာမှ ဇီဝမျိုးများ (အပင်၊ သတ္တဝါများ) ယူဆောင်စိုက်ပျိုး မွေးမြူခြင်းကြောင့်ဖြစ်ပါသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံပေါက် မဟုတ်သော ပိစပ်ပင်များကို ယူဆောင်စိုက်ပျိုးရာမှ ယခုအခါ တစ်နိုင်ငံလုံးအနှံ့ပေါက်ရောက်နေရာ မြန်မာနိုင်ငံမူရင်းအပင်မျိုးများ ပွားများရေးကို အနှောင့်အယှက်ပေးလျက်ရှိပါသည်။ စတုတ္ထအချက်မှာ ရာသီဥတုပြောင်းလဲခြင်း (Climate Change) ကြောင့် ဖြစ်ပါသည်။ ရာသီဥတု ပြောင်းလဲခြင်းကြောင့် ဇီဝမျိုးစုံမျိုးကွဲများ ပျောက်ကွယ်လာနိုင်ပါသည်။ ဇီဝမျိုးစုံမျိုးကွဲများ ပျောက်ကွယ်ခြင်းနှင့် ရာသီဥတုပြောင်းလဲလာခြင်းမှာ တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိပါသည်။ လေ့လာချက်များအရ ရာသီဥတု ပူပြင်းလာမှုသည် ၁ ဒသမ ၅ မှ ၂ ဒသမ ၅ စင်တီဂရိတ်အထိ ပူပြင်းလာပါက ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲများ ၂၀ရာခိုင်နှုန်း မှ ၃၀ရာခိုင်နှုန်းအထိ ပျောက်ကွယ်သွားနိုင်သည်ဟု IPCC (Inter Governmental Penal Climate Change) က သတိပေးထားပါသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပြည်သူများသည် ၎င်းတို့ အသက်ရှင်နေထိုင်ရေး (ဆေးဝါး၊ အစားအစာ၊ ရေ၊ နေထိုင်ရေး) အတွက် ဇီဝမျိုးစုံမျိုးကွဲများအပေါ် မှီခိုနေရပါ၍ ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲများ စောင့်ရှောက်ခြင်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပြည်သူများ၏ဆင်းရဲမှုကို လျော့ပါးစေပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းတိုင်းတွင် ဇီဝမျိုးစုံမျိုးကွဲများ ထိခိုက်နိုင်မှုအနည်းဆုံးဖြစ်အောင်လည်း ဆောင်ရွက်သင့်ပါသည်။ သို့မှသာ ဂေဟစနစ်ကောင်းမွန်ပြီး ဖွံ့ဖြိုးမှုလုပ်ငန်းများ လုပ်သမျှ အရာထင်မည် ဖြစ်ပါသည်။

အဓိကအကြံပြုလိုသောအချက်မှာ ဇီဝမျိုးစုံမျိုးကွဲတို့ နေထိုင်ရာဒေသ (Habitat) များကို မပျောက်ပျက်အောင် ထိန်းသိမ်းရန်ဖြစ်ပါသည်။ ထို့အပြင် သဘာဝဥယျာဉ်၊ အမျိုးသားဥယျာဉ်၊ ကာကွယ်တော စသည်ဖြင့် တည်ထောင်ဖွဲ့စည်းပြီး အမျိုးသားဥယျာဉ်၊ ကာကွယ်တောများအား အခြား မည်သည့် မြေအသုံးချမှုမဆို ပြောင်းလဲပစ်ခြင်း မပြုသင့်ပါ။ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သက်ဆိုင်သော ဥပဒေ၊ နည်းဥပဒေများဖြင့် တရားမဝင်ရောင်းဝယ်ဖောက်ကားမှုများကို ထိရောက်စွာ ကာကွယ်ရပါမည်။ ဇီဝမျိုးစုံမျိုးကွဲများ မပျောက်ပျက်ရေးနှင့် မှတ်တမ်းထားရှိရေးအတွက် သုတေသနလုပ်ငန်း၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းလုပ်ကိုင်မှုကို ဆက်လက်အားပေးသင့်ပါသည်။

ဇီဝမျိုးစုံမျိုးကွဲများကို လက်ရှိလူသားများက ထိန်းသိမ်းစောင့်ရှောက်ပါမှ အနာဂတ်မျိုးဆက်အားလုံး တည်ရှိအသက်ရှင် နေထိုင်နိုင်မည်ဖြစ်သဖြင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးကိစ္စကို အားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

စိုက်ပျိုးရေဝေလျှံစေမည့် လှိုင်းဘွဲ့ ရေဘုတ်ရေလှောင်တမံ

သတင်းခရီးသည် ➤ ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်း ➤ အောင်သန်း (မင်္ဂလာတောင်ညွန့်)၊ စာမျက်နှာဖွဲ့စည်းမှု ➤ လဲ့လဲ့ဝင်း (မြန်မာ့အလင်း)

ရန်ကုန် မေ ၂၁

ရေဘုတ်ရေလှောင်တမံတည်ဆောက်နေသည့် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့သို့ မကြာမီက မြန်မာ့အလင်းသတင်းအဖွဲ့ ခရီးထွက်ခဲ့သည်။ ပဲခူးမြို့ ဘုရားကြီးကျေးရွာလမ်းဆုံမှ မော်လမြိုင်သို့ ခွဲထွက်သည့် ကတ္တရာကားလမ်းအကျယ်မှာ ယခင်က ၁၆ ပေရှိရာမှ ယခုအခါ တစ်ဖက်လေးပေစီ တိုးချဲ့ထားသည်။ ၂၄ ပေအထိ လမ်းသားချဲ့ထွင်ထားသဖြင့် သွားလမ်းနှင့် လာလမ်း ကားနှစ်စီး လွတ်လွတ်လပ်လပ် ရှောင်တိမ်းနိုင်၍ သွားရေး လာရေး အဆင်ပြေလှသည်။

ရေဘုတ်ရေလှောင်တမံစီမံကိန်း

ရန်ကုန်မြို့ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ ညွှန်ကြားရေးမှူး ဦးစိုးမြင့်ထွန်းနှင့် ဦးစီးအရာရှိ ဦးကောင်းမြတ်သိန်းတို့၏ စီစဉ်ပေးမှုဖြင့် ဧပြီ ၂၄ရက်က သထုံမြို့သို့ ရောက်ခဲ့သည်။ နောက်တစ်ရက်တွင် သထုံမြို့မှ မိုင် ၅၀ ရေလှောင်တမံကြီးတစ်ခု တည်ဆောက်နေခြင်း ဖြစ်သည်။

ပင်မတမံ အလျားပေ ၁၇၇၂၀ (သုံးမိုင်ကျော်) ရှည်လျားသော မြေသားတမံကြီးကို အဝေးမှပင် ခံ့ခံ့ထည်ထည် မြင်တွေ့ရသည်။ အားရစရာပင်။ တမံအမြင့်က ၄၆ ပေရှိသည်။ ကုန်းကြောတမံကလည်း အလျားပေ ၄၉၆၀ (တစ်မိုင်နီးပါး) ရှည်လျားပြီး အမြင့် ၃၄ပေရှိသည်။ တမံမြေကြီးတူးခြင်း၊ ဖို့ခြင်းလုပ်ငန်းများ ၉၈ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်ဟု သိရှိရသည်။ တမံအောနှစ်ဖက် ကျောက်ကြီးစီခြင်းလုပ်ငန်းကလည်း ရာခိုင်နှုန်း ၇၀ ကျော် ပြီးစီးနေသည်။

ပူပင်စရာမလို

သတင်းအဖွဲ့နှင့်အတူ လိုက်ပါလာသော စီမံကိန်းတာဝန်ခံ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးညွှန့်ဋ္ဌေးက "လှိုင်းဘွဲ့မြို့နယ်သည် မိုးရွာအားကောင်းသဖြင့်

"လာမယ့် မိုးရာသီမှာ စတင်သိုလှောင်ပြီး နွေစပါးဧက ၁၀၀၀ ကို စတင်ရေပေးစေမှာ ဖြစ်ပါတယ်"

ဦးဇော်ဦး
ဦးစီးအရာရှိ (မြို့ပြ)။

ရေဘုတ်ရေလှောင်တမံရှိ တည်ဆောက်ပြီးစီးနေသော ရေထိန်းမျှော်စင်နှင့် ရေထုတ်မြောင်း။

ဝေးသော လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာအနီး တည်ဆောက်ပြီးစီးလုနီးဖြစ်သော ရေဘုတ်ရေလှောင်တမံ စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိခဲ့ကြသည်။

ဒေသဖွံ့ဖြိုးရေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် နိုင်ငံတော်စီးပွားရေး တိုးတက်စေရန်နှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက် နိုင်ငံတော်မှ လမ်းညွှန်ချက်နှင့်အညီ ရေသယံဇာတ၊ မြေသယံဇာတများ ဖော်ထုတ်အသုံးပြုရန် ဆည်မြောင်းတာတမံများ တည်ဆောက်ပေးလျက်ရှိရာ ယခုလည်း ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာအနီးတွင် ရေဘုတ်ချောင်းနှင့် ကစိုင်းချောင်းတို့ကိုပိတ်၍ နှစ်စဉ် ပျမ်းမျှမိုးရေချိန် လက်မ ၁၈၀ ရှိကြောင်း၊ ရေဘုတ်ရေလှောင်တမံ တည်ဆောက်ခြင်းအားဖြင့် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ လယ်မြေ ၅၄၅၂ ဧကကို စိုက်ပျိုးရေများ လုံလုံလောက်လောက် ပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ရေတော်မိုးတော် ဧက ၄၀၀၀ နှင့် ရေကျနောက်စိုက် ၁၄၅၂ ဧကတို့ ဖြစ်ပါကြောင်း၊ ရေကျနောက်စိုက်ဆိုသည်မှာ မိုးရွာသွန်းမှုများ၍ နှစ်စဉ် ရေကြီးနစ်မြုပ်မှုကြောင့် ရေနက်ကွင်း ဧရိယာသတ်မှတ်ပြီး ရေတော်မိုးတော်တွင် စိုက်ပျိုးနိုင်ခြင်းမရှိဘဲ မိုးရာသီကုန်ဆုံးချိန်တွင် ရေကျကာ ချောင်းရေဖြင့် နောက်မှ စိုက်ပျိုးရခြင်းဖြစ်၍ ရေကျနောက်စိုက်စပါးများမှာ အောင်မြင်သင့်သလောက် အောင်မြင်ခြင်းမရှိခဲ့ပါကြောင်း၊ ယခု တည်ဆောက်နေသည့် ရေဘုတ်ရေလှောင်တမံပြီးစီးပါက ရေနက်ကွင်းဧရိယာမှ လယ်မြေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်မည့်အပြင် ရေဘုတ်ရေလှောင်တမံ၏ ရေဖြင့် အချိန်စောစွာ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ စပါးအတွက် အောင်ရေကိုလည်း လိုအပ်ချိန်တွင် ရေလှောင်တမံမှ ပေးနိုင်သဖြင့် သီးနှံဖြစ်ထွန်း အောင်မြင်မှုအတွက် ပူပင်စရာမလိုတော့ကြောင်း" ဖြင့် ပြောကြားသည်။

မိုးစပါးသာမက နွေစပါးပါ စိုက်နိုင်တော့မည်ကို ဆက်လက်ရှင်းပြရာတွင် "ယခင်က ရေတော် မိုးတော် စပါးစိုက်ဧက ၄၀၀၀ တွင် မိုးစပါးတစ်သီးသာ စိုက်ပျိုးခဲ့ရာမှ ရေလှောင်တမံတည်ဆောက်ပြီးစီးသွားပါက မိုးစပါးဧက ၄၀၀၀ အပြင် နွေစပါး ဧက ၃၀၀၀၊ ပဲမျိုးစုံ ဧက ၂၈၀ နှင့် ဆီထွက်သီးနှံ ဧက ၇၂၀ တို့ကို သီးထပ်အဖြစ် စိုက်ပျိုးနိုင်တော့မည် ဖြစ်ကြောင်း" ပြောကြားသည်။

ရာနှုန်းပြည့်နီးပါးပြီးစီး

တည်ဆောက်ဆဲ ရေလှောင်တမံကြီးအား လှည့်လည်ကြည့်ရှုလေ့လာရာတွင် အတူလိုက်ပါလာသော တည်ဆောက်ရေးတာဝန်ခံ ဦးစီးအရာရှိ (မြို့ပြ) ဦးဇော်ဦးက "ရေလှောင်တမံ၊ ရေထုတ်ပြွန်နှင့် ရေပိုလွှဲတို့မှာ ယခုအချိန်တွင် ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်ပါကြောင်း၊ လာမည့်မိုးရာသီတွင် ရေစတင်သိုလှောင်၍ ၂၀၁၀ခုနှစ် နွေစပါးရာသီ၌ ရေလှောင်တမံနှင့် ဘားအံ၊ လှိုင်းဘွဲ့ကားလမ်းကြားရှိ လယ်မြေဧက ၁၀၀၀ကို ရေပေးဝေနိုင်ရန် တူးမြောင်းလုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်လျက်ရှိပါကြောင်း"ဖြင့် မြန်မာ့အလင်းသို့ ရှင်းပြသည်။

ရေပေးတူးမြောင်းမကြီးကို စက်ယန္တရားများဖြင့် တူးဖော်မှုကို ဤသို့ တွေ့ခဲ့ရသည်။

တည်ဆောက်နေသည့် ရေဘုတ်ရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး နှစ်စဉ် ပျမ်းမျှမိုးရေချိန် လက်မ ၁၈၀ ရှိသဖြင့် နှစ်စဉ် ပျမ်းမျှ စီးဝင်ရေသည် ဧက ပေ ၅၇၀၀၀ ရှိသည်။ ကန်ရေပြည့် ရေလှောင်ပမာဏသည် ဧက ပေ ၃၆၀၀၀ ရှိသည်။ အလျား ၂၇၅ပေ၊ အကျယ် ပေ ၄၀ရှိ သံကူကွန်ကရစ် အမျိုးအစား ရေပိုလွှဲမှာလည်း တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။ အလျား ၁၂၉ ပေရှိ ရေထုတ်ပြွန်၏ မြေကြီးလုပ်ငန်း၊ ကွန်ကရစ်လုပ်ငန်း၊ ကျောက်စီလုပ်ငန်းတို့မှာလည်း ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ ၂၀၁၀-၂၀၁၁ ခုနှစ်အတွင်း တည်ဆောက် ပြီးစီးမည်ဟု သိရသည်။ ယခုကဲ့သို့ မိုးရွာသွန်းမှုများပြားသော မြန်မာပြည်အောက်ပိုင်း ဒေသများတွင်မှု ရွာသွန်းသော မိုးရေကို အလဟဿ မဖြစ်စေဘဲ ဆည်မြောင်းဦးစီးဌာနမှ ဆည်တမံများ တည်ဆောက်ကာ စိုက်ပျိုးရေအဖြစ် သိုလှောင်ပြီး လယ်မြေများသို့ ပေးဝေခဲ့သည်။ ယခု တည်ဆောက်နေသည့် ရေဘုတ်ရေလှောင်တမံသည် နိုင်ငံစီးပွားတိုးတက်ရေးနှင့် ဒေသဝမ်းစာ ဖူလုံရေးအတွက် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၏ လယ်မြေ ၅၄၅၂ ဧကအတွက် သီးထပ်သီးနှံပုံစံ လျာထားချက်အတွင်း အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရန် စိုက်ပျိုးရေ အလုံအလောက်ပေးမည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အကျိုးပြုရေလှောင်တမံစီမံကိန်း ဖြစ်ပါကြောင်း သတင်းခရီးအဖြစ် ရေးသားတင်ပြလိုက်ပါသည်။ ။

(မြန်မာ့အလင်း)

အလျား ပေ ၁၇၇၂၀ (သုံးမိုင်ကျော်)၊ အမြင့် ၄၆ပေရှိ ရေဘုတ်ရေလှောင်တမံ၏ ပင်မတမံတည်ဆောက်ပြီးစီးမှုမြင်ကွင်း။

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရေဘုတ်ရေလှောင်တမံ၏ သံကူကွန်ကရစ်အမျိုးအစား ရေပိုလွှဲတည်ဆောက်ပြီးစီးမှုအနေအထား….။

ယခု တည်ဆောက်နေသည့် ရေဘုတ်ရေလှောင်တမံသည် နိုင်ငံစီးပွားတိုးတက်ရေးနှင့် ဒေသဝမ်းစာ ဖူလုံရေးအတွက် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၏ လယ်မြေ ၅၄၅၂ ဧကအတွက် သီးထပ်သီးနှံပုံစံ လျာထားချက်အတွင်း အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရန် စိုက်ပျိုးရေ အလုံအလောက်ပေးမည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အကျိုးပြု ရေလှောင်တမံစီမံကိန်း တစ်ခုဖြစ်။

သောက်သုံးရေ ဖြိုးဝေလျှံတော့မည့် ဝမ်းတွင်းမြို့

➤ သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ ➤ ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း) ➤ စာမျက်နှာဖွဲ့စည်းမှု - ဝင်းနိုင် (မြန်မာ့အလင်း)

မိတ္ထီလာ မေ ၂၁

သောက်သုံးရေရရှိမှုက အရေးကြီးသည့် လိုအပ်ချက်တစ်ရပ်ဖြစ်သည်။ လူတို့အပါအဝင် သက်ရှိအသက်ရှင်သန်နိုင်ရေး၊ စီးပွားရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေးအတွက် ရေသည်မရှိမဖြစ် လိုအပ်လာသည်။

သတင်းအဖွဲ့ ဝမ်းတွင်းမြို့သို့ ခရီးတစ်ထောက်ရောက်သည့်အခါ ဝမ်းတွင်း

"ဝမ်းတွင်းမြို့သောက်ရေ ဖူလုံရေးအတွက် ဆောင်ရွက်နေပါတယ်"
ဦးမျိုးမင်းသန့်
(အမှုဆောင်အင်ဂျင်နီယာ)

မြို့၏ သောက်သုံးရေရရှိမှုနှင့် ပတ်သက်ပြီး လေ့လာဖြစ်ခဲ့သည်။ ဝမ်းတွင်းမြို့ကား ယခင်က သောက်သုံးရေခက်ခဲခဲ့သည်မှာ အမှန်ပင်။ သို့သော် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြိုးစားမှုကြောင့် သောက်ရေသန့်များ ပိုမိုတူးဖော်ဖြန့်ဝေပေးနိုင်တော့မည်ကို တွေ့မြင်ခဲ့ရသည်။

ဝမ်းတွင်းမြို့သိမ်တောင်ကုန်းပေါ်၌ တည်ဆောက်ထားသော ရေဝေကန် အနေအထားက ဤသို့ ....။

တူးဖော်

ဝမ်းတွင်းမြို့တွင် စက်ရေတွင်းများစွာရှိသည်။ သောက်သုံးရေကန်များလည်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် တူးဖော်နိုင်ခဲ့သည်။ သို့သော် နေ့စဉ် သောက်သုံးရေသုံးစွဲမှုနှင့် အပူချိန်မြင့်တက်မှုတို့ကြောင့် ရေတွင်း၊ ရေကန်များ၌ ရေများ တဖြည်းဖြည်း လျော့ကျလာခဲ့သည်။ ထို့ကြောင့် သောက်ရေသန့်ဖူလုံစွာ ရရှိရေးအတွက် ကြိုးစားဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်မှုများကို ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အင်ဂျင်နီယာဦးမျိုးမင်းသန့်က သတင်းအဖွဲ့အား ကိုယ်တိုင်လိုက်လံပြသခဲ့သည်။

တွေ့ရှိ

ဝမ်းတွင်းမြို့ စက်မှုကွက်သစ်တွင် တူးဖော်ထားသောစက်ရေတွင်းသို့ သတင်းအဖွဲ့ ရောက်ရှိခဲ့သည်။ အနက်ပေ ၃၀၀ အထိ ရှစ်လက်မပိုက်ချကာသောက်ရေရရှိရေး တူးဖော်ထားသော စက်ရေတွင်းကို တွေ့ရှိရသည်။

"ဒီစက်ရေတွင်းကို မကြာခင်ကမှ တူးဖော်ထားတာပါ။ ဒီနေရာကို မတူးဖော်မီ တစ်မြို့လုံးနေရာအနှံ့ စံနှုန်းမီတဲ့သောက်ရေရရှိရေးတူးဖော်ဖို့ စမ်းသပ်ကြည့်ပြီးမှ ရွေးချယ်တူး ဖော်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီနေရာအနီးတစ်ဝိုက်မှာ နောက်ထပ်စက်ရေတွင်းငါးတွင်း ထပ်မံတူးဖော်ဦးမှာပါ"ဟု ဦးမျိုးမင်းသန့်က သတင်းအဖွဲ့သို့ရှင်းပြသည်။

စက်ရေတွင်းတူးထားသည့်နေရာတွင် ထရန်စဖော်မာ၊ ရေဂါလန် ၂၀၀၀၀ဆံ့ ရေစုကန်၊ ရေတွန်းစက်ထားရှိရာရုံတို့ကို တည်ဆောက်ထားသည်။ဝမ်းတွင်းမြို့လယ်နှင့် တစ်မိုင်ခွဲခန့်ဝေးသော်လည်း တစ်မြို့လုံးတွင် သောက်ရေအကောင်းဆုံး ရရှိနိုင်သည့် စက်ရေတွင်း ဖြစ်သည်။

ဝမ်းတွင်းမြို့တောင်ဘက်၌ရေဝေကန် တည်ဆောက်ထားရာ သိမ်တောင်ဘက်သို့ သတင်းအဖွဲ့ သွားရောက်လေ့လာခဲ့သည်။ အမြင့်ပေ ၈၀ကျော်ရှိသည့် သိမ်တောင်ထိပ် ရေဝေကန်ပေါ်သို့ တက်ရောက်ကြည့်ရာ ဝမ်းတွင်းတစ်မြို့လုံးကို အပေါ်စီးမှ မြင်တွေ့ရသည်။ သိမ်တောင်ထိပ်ပေါ်တွင် အလျားပေ ၃၀၊ အနံပေ ၂၀နှင့် အမြင့် ခြောက်ပေရှိသည့် ရေသိုလှောင်ကန်ကို မြင်တွေ့ရသည်။

"ဒီရေသိုလှောင်ကန်က ရေဂါလန် ၂၀၀၀၀ထည့်ဝင်နိုင်ပါတယ်။ စက်မှုကွက်သစ်မှာ ကျွန်တော်တို့တူးထားတဲ့ ရှစ်လက်မသောက်ရေတွင်းကရေကို ပိုက်နဲ့ ဒီတောင်ကုန်းပေါ်က ရေသိုလှောင်ကန်အထိ စက်နဲ့မောင်းထည့်ပြီး ဒီကန်ကတစ်ဆင့် တစ်မြို့လုံး သောက်ရေ ဖြန့်ဝေပေးသွားမှာပါ"ဟု ဦးမျိုးမင်းသန့်က မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

ဝမ်းတွင်းမြို့ သောက်ရေဖူလုံရေး ဆောင်ရွက်ပေးမည့် ရေစက်ကို ဤသို့တွေ့ရသည်။

ဝမ်းတွင်းမြို့သိမ်တောင်ကုန်းပေါ်၌ တည်ဆောက်ထားသော ရေဝေကန်ကို ဤသို့တွေ့ရသည်။

ဝမ်းတွင်းမြို့၌ သောက်ရေ မပြတ်တမ်းရရှိစေရန် ဤသို့ ထရန်စဖော်မာများ တပ်ဆင်ပေးထားသည်။

ပိုက်များ သွယ်တန်း

ဝမ်းတွင်းမြို့ သိမ် တောင် ကုန်းပေါ်သို့ သောက်ရေများကို ဤသို့ ပိုက်များဖြင့် သွယ်တန်းစု ယူပြီး ပြည်သူများအတွက် ရေဖြန့်ဝေမည့် မြင်ကွင်း။

ဆက်သွယ်

ဝမ်းတွင်းမြို့တွင်း၌ အိမ်ရေသွယ်တိုင်များသွယ်တန်းပြီး သောက်ရေဖြန့်ဝေပေးရန် စည်ပင်သာယာရေးအဖွဲ့က စနစ်တကျ စီစဉ်နေမှုကိုတွေ့မြင်ခဲ့ရသည်။ မြို့တွင်း၌ အများသုံးရေကန်များ၊ ရေပိုက်များ ပြုလုပ်ပြီးပါက တစ်နေ့လျှင် သောက်ရေဂါလန် တစ်သိန်းကျော် ဖြန့်ဝေပေးနိုင်မည်ဖြစ်ရာ ဝမ်းတွင်းမြို့နေလူထု သောက်ရေအတွက် ပူပင်စရာမရှိနိုင်တော့ချေ။

ထို့အပြင် ဝမ်းတွင်းတစ်မြို့လုံးကို အင်အားပြည့်စွာ ရေဖြန့်ဝေပေးနိုင်ရန် သဘာဝက ဖန်တီးပေးထားသည့် ပေ၈၀ ကျော်မြင့်သော သိမ်တောင်ကုန်းလည်း တည်ရှိနေရာ စီမံကိန်းပြီးစီးသွားပါက အိမ်ရေသွယ်တိုင်များဖြင့် အိုးမကွာအိမ်မကွာ သောက်ရေရရှိနိုင်တော့မည်ဖြစ်သည်။

ထို့ကြောင့် ဝမ်းတွင်းမြို့တွင် သောက်ရေ ဖူလုံစွာရရှိရေးကြိုးစားနေသည်ဖြစ်ရာ မြို့သူမြို့သားများ သောက်သုံးရေဖြိုးဝေလျှံစွာ ရရှိတော့မည်ဖြစ်ပါကြောင်းကွင်းဆင်းလေ့လာ ရေးသား ပေးပို့လိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

ဝမ်းတွင်းမြို့တွင်း၌ အိမ်ရေသွယ်တိုင်များ သွယ်တန်းပြီး သောက်ရေကို စနစ်တကျ ဖြန့်ဝေပေးရန် စည်ပင်သာယာရေးအဖွဲ့က စနစ်တကျ စီစဉ်နေမှုကို တွေ့မြင်ခဲ့ရ။

မြို့တွင်း၌ အများသုံးရေကန်များ၊ ရေပိုက်များ ပြုလုပ်ပြီးပါက တစ်နေ့လျှင် သောက်ရေဂါလန် တစ်သိန်းကျော် ဖြန့်ဝေပေးနိုင်မည်ဖြစ်ရာ ဝမ်းတွင်းမြို့နေလူထု သောက်ရေအတွက် ပူပင်စရာမရှိနိုင်တော့။

ဆဋ္ဌမအကြိမ် ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသက်မုနိရုပ်ပွားတော်မြတ်ကြီး နှစ်ဦးဓမ္မသဘင်အထူးတရားပွဲ

ဟောကြားမည့် ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်
စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိမဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (D.Litt), Ph.D	၁၃၇၂ခုနှစ်၊ နယုန်လဆန်း ၁၂ ရက် (တနင်္လာနေ့) ၂၄-၅-၂၀၁၀ ရက် ည ၇း၃၀ နာရီ
ဓမ္မကထိက ဗဟုဇနဟိတဓရ၊ ဓမ္မာစရိယ ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒ	၁၃၇၂ခုနှစ် နယုန်လဆန်း ၁၃ ရက် (အင်္ဂါနေ့) ၂၅-၅-၂၀၁၀ရက် ည ၇း၃၀နာရီ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဗန်းမော်ဆရာတော် ဒေါက်တာအရှင်ကုမာရာဘိဝံသ(D.Litt) (ဝဋံသကာပါဠိသိရောမဏိ)	၁၃၇၂ခုနှစ်၊ နယုန်လဆန်း ၁၄ရက် (ဗုဒ္ဓဟူးနေ့) ၂၆-၅-၂၀၁၀ရက် ည ၇း၃၀နာရီ

ကျေးဇူးတင်ရှိပါကြောင်း

ရဟန်းရှင်လူ ၃၅၀၀ ကျော်၏ သောက်သုံးရေအခက်အခဲကို ကုသိုလ်ပြု ကူညီလှူဒါန်းပေးခဲ့သော ရန်ကုန်ယူနိုက်တက်ဘောလုံးအသင်း ပိုင်ရှင်၊ ဥက္ကဋ္ဌ၊ အုပ်ချုပ်သူ၊ နည်းပြများ၊ ကစားသမားများနှင့် ဝန်ထမ်းများအားလုံးအား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါသည်။ ရေအကျိုး(၁၀)ပါးနှင့်ပြည့်စုံပြီး ယခုထက်ပို၍ လှူဒါန်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်-

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်မှ
မင်္ဂလွန်းရွာ၊ ညောင်ပိုင်းရွာနှင့်
ပေါက်တောရွာမှ ရွာသူ ရွာသားများ။

ပူဇော်ကန်တော့

ကမာရွတ်မြို့နယ် အငြိမ်းစား ပညာရေးမှူးများအား ဒုတိယအကြိမ်မြောက် ပူဇော်ကန်တော့ပွဲ အခမ်းအနားကို မေ ၁၅ ရက်က အမက-၂ ကမာရွတ် ပညာတန်ဆောင်ခန်းမ၌ ကျင်းပစဉ်။

(မြို့နယ် ပြန်/ဆက်)

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ပျော်ဘွယ်မြို့နေ ဦးစိုးလှ (ရုံပိုင်ကြီး ပျော်ဘွယ်ဘူတာ)-
ဒေါ်စန်းစန်းအေးတို့၏ တစ်ဦးတည်းသောသား

မောင်ဇော်မိုးဟိန်း

နှင့်

ပျော်ဘွယ်မြို့၊ မန္တလေးတန်းရပ်ကွက်နေ
ဦးစိုးအောင်(ရပ်ကွက်ဥက္ကဋ္ဌ၊ မန္တလေးတန်း)-
ဒေါ်မြင့်မြင့်စိုး (City Man, Teacentre) တို့၏သမီး

မဇင်သန္တာစိုး

တို့၏ ၂၅-၄-၂၀၁၀ ရက်တွင် ကျင်းပပြီးစီးသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းချီးမြှင့်ပေးပါသော ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့်နှင့်ဇနီး ဒေါ်ခင်ပြုံးအားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝင်းတင်-ဒေါ်ခင်လှဝေတို့အားလည်းကောင်း၊ ဦးမြင့်ဇော် (ဒုတိယအထွေထွေမန်နေဂျာ၊ ပို့ဆောင်)၊ (မြန်မာ့မီးရထား)နှင့် ဇနီး ဒေါ်နန်းစန္ဒာဟိန်း၊ မင်္ဂလာလက်ဖွဲ့ပစ္စည်းဆင်မြန်းပေးပါသော ဗိုလ်မှူးကြီးနေဦး၊ ပျော်ဘွယ်မြို့ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းငွေ-ဒေါ်မော်မော်သန်းအားလည်းကောင်း၊ ရန်ကုန်မြို့ အင်းလျားလမ်း အမှတ် ၅၂/ဘီနေ ဆရာဦးရန်နိုင်-ဒေါ်မမလေးတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော တေးသံရှင် ဦးသန်းမြတ်စိုး၊ မင်္ဂလာတေးသံသာများဖြင့်သီဆိုပေးပါသော တေးသံရှင်စိုးစန္ဒာထွန်းနှင့်ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်ဇော်မိုးဟိန်း-မဇင်သန္တာစိုး။

သင့်သွေးဖြင့် အသက်ကယ်ပါ

ငါးသယံဇာတထိန်းသိမ်းရေး ဒေးဒရဲ၌ ဟောပြော

ဒေးဒရဲ မေ ၂၁

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၏ လမ်းညွှန်ချက်နှင့် ဧရာဝတီတိုင်း တိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး၏ အနီးကပ်ညွှန်ကြားချက်ဖြင့် ဒေးဒရဲမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းထိုက်နှင့်ဝန်ထမ်းများ မေ ၁၆ ရက်က ကျုံဒတ်ကျေးရွာအုပ်စုအတွင်းရှိ သံဒိတ်၊ ရေတွင်းကုန်း၊ ဦးတို၊ မြစိမ်းကျွန်း၊ ချောင်းသစ်ပေါက်ကျေးရွာများအတွင်းရှိ ရေလုပ်သားများနှင့် ငါး၊ ပုစွန်အဝယ်ဒိုင်များ၊ အင်းလုပ်ငန်းရှင်များတို့အား ငါးသယံဇာတ ထိန်းသိမ်းရေးအတွက် ငါးရစ်/ငါးသန် ကာလဖြစ်သော မေ၊ ဇွန်၊ ဇူလိုင်လများတွင် ငါးရစ်/ငါးသန်များအား ဖမ်းဆီးခြင်း မပြုလုပ်ရန်နှင့် ဘက်ထရီရှော့တိုက်ငါးဖမ်းခြင်း၊ အဆိပ်ချ ငါးဖမ်းခြင်းတို့ကို မပြုလုပ်ရန်အတွက်လည်းကောင်း၊ ဦးစီးဌာနမှ တားမြစ်ထားသောအရွယ်မမီသည့်ကဏန်း၊ငါးရှဉ့်၊ ငါးသလောက်ပေါက်များအား ဖမ်းဆီးခြင်းမပြုလုပ်ရန်အတွက် လည်းကောင်း၊ ဦးစီးဌာနက တားမြစ်ထားသည့် ငါးဖမ်းနည်းစနစ်၊ ငါးဖမ်းပိုက်ကွက်များ တားမြစ်ထားသည့် အချိန်ကာလများအတွင်း ငါးဖမ်းဆီးခြင်း မပြုလုပ်ကြရေး ဟောပြောသည်။ **(အပေါ်ပုံ)**

(မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ တောင်ငူ၌ ကျင်းပ

တောင်ငူ မေ ၂၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(တောင်ငူ)မှ ဦးစီး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို မေ ၁၁ ရက် နံနက်ပိုင်းက တောင်ငူခရိုင်မော်တော်ယာဉ် လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီရုံးခန်းမဆောင်၌ ကျင်းပရာ မော်တော်ယာဉ်အသင်း ဒုတိယဥက္ကဋ္ဌ ဦးချစ်တင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးသောင်းမြင့်**(အောက်ပုံ)**၊ အကြီးတန်းစာရေး ဦးစောမင်းဆွေ၊ ခရိုင်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်ဇော်မိုး၊ ယာဉ်ထိန်းတပ်ဖွဲ့ ရဲအုပ်မြင့်အောင်တို့က ဟောပြောကြရာ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက် ၅၀ ကျော် တက်ရောက်ကြသည်။ (ဝ၄၇)

ကံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို ကံခင်းမြို့ မြို့မဈေးကြီး၌ ဆောင်ရွက်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ ဈေးအကျိုးတော်ဆောင်များ ပါဝင်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းဟောပြောပွဲ

ရန်ကုန် မေ ၂၁

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း(ဗဟို)၏ စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေး အစီအစဉ်အရဟောပြောပွဲကို မေ ၂၃ ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့ M 3 စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ရာ ယင်းဟောပြောပွဲတွင် ပါမောက္ခဒေါ်ဆွေဆွေဝင်း (ပါမောက္ခ-ဌာနမှူး၊မေးရိုးနှင့်ခံတွင်းဆေးပညာဌာန) သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ ရန်ကုန်နှင့် ဒေါက်တာ ဒေါ်မြတ်သူမင်း Sales & Marketing Head (Medical Channel), Mega Lifesciences Ltd.) တို့က ပညာပေးဟောပြောပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသော သွားဘက်ဆိုင်ရာ ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ထပ်ပိုးလွှာခင်း

သထုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော မြို့ပတ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်ခင်မိုးနှင်း ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းနိုင်က ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ပခုက္ကူမြို့နယ်အတွင်းရှိ သောက်သုံးရေခက်ခဲသော ကျေးရွာများတွင် အဖွဲ့ပိုင်ရေသယ်ယာဉ်များဖြင့် နေ့စဉ်သောက်သုံးရေ ဖြန့်ဝေပေးလျက်ရှိရာ မကျီးသုံးပင်ကျေးရွာအုပ်စု စံဘိုကျေးရွာ၌ မေ ၁၄ ရက်က သောက်သုံးရေ ဖြန့်ဝေပေးစဉ်။ (ဝ၇ဝ)

ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော နဘူး-ပကလမ်းပေါ်ရှိ ရေမြှုပ်တံတားတည်ဆောက်နေမှုကို တာဝန်ခံအင်ဂျင်နီယာ ဦးလှမြင့် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဟိုပန်၌ ချယ်ရီ FM Radio ပေးအပ်လှူဒါန်း

ဟိုပန် မေ ၁၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံခရိုင်ဟိုပန်မြို့နယ်၌ ချယ်ရီအက်ဖ်အမ်ရေဒီယို အသံလွှင့်လှိုင်း ဖမ်းယူရရှိသည့် ရပ်ကွက်၊ ကျေးရွာ ၃၄ ခုတို့ကို မြို့နယ်ဥက္ကဋ္ဌ ဦးသန်းစိန် ဦးဆောင်သည့် ဌာနဆိုင်ရာ စေတနာရှင်များက ချယ်ရီအက်ဖ်အမ်ရေဒီယိုများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဧပြီ ၉ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးစာကြည့်တိုက်ခန်းမ၌ကျင်းပသည်။ **(အောက်ဝဲပုံ)** ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးစိုင်းဆာထွန်းက ချယ်ရီအက်ဖ်အမ်ရေဒီယိုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်

ဆက်လက်ပြီး မြို့နယ်အတွင်းရေးမှူး ဦးစိုးဝင်းကျော်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းဆာထွန်းနှင့် မြေစာရင်းဦးစီးမှူး ဦးတင်ထွန်းတို့က မန်ကောင်း၊ မန်မိုင်၊ နောင်မို၊ နောင်အွန်စသည့် ရပ်ကွက်၊ ကျေးရွာ ၃၄ခုမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့အား ချယ်ရီ အက်ဖ်အမ်ရေဒီယိုများ ပေးအပ်လှူဒါန်းသည်။ **(မြို့နယ် ပြန် /ဆက်)**

ဆိပ်ဖြူ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အခြေခံနှင့်အဆင့်မြင့်စက်ချုပ်သင်တန်းများဖွင့်

ဆိပ်ဖြူ မေ ၂၀

ဆိပ်ဖြူမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှု စက်ချုပ်သင်တန်းအမှတ်စဉ် (၁၄)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၁၀) သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၁၀ ရက်က သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သူရက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထွေးရီက သင်တန်းနှင့် ပတ်သက်သည်များ ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းများတွင် ဒေသခံတိုင်းရင်းသူ ၅၀ တက်ရောက်ခဲ့ကြသည်။ **(အောက်ပုံ)**

(နယ်စပ်/စည်ပင်)

မြို့နယ်သတင်းထွေတလာ

ကျေးလက်အိမ်ရာ ထူထောင်ရေး စဥ့်ကူးမြို့နယ်၌ ပညာပေးစည်းရုံးဟောပြော

စဥ့်ကူး မေ ၁၅

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် စဥ့်ကူးမြို့နယ် သစ်တောဦးစီးဌာနမှ ကျေးလက်အိမ်ရာထူထောင်ရေး ပညာပေးစည်းရုံးဟောပြောပွဲနှင့် အိုးပိုင်အိမ်ပိုင်ဇာတ်လမ်းခွေပြသခြင်းလုပ်ငန်းများကို မေ ၉ရက်က ရွှေပြည်ကျေးရွာ၌ ကျင်းပရာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဆွေသန်းက ၂၀၁၀-၂၀၁၁ခုနှစ်တွင် တစ်ရွာတစ်ဧက (ယူကလစ်)စိုက်ခင်းလုပ်ငန်း၊ တစ်အိမ်ထောင်လျှင် ယူကလစ်အပင် ၂၀၊ ကျွန်းသုံးပင်၊ လူတစ်ဦးလျှင် ကျွန်းတစ်ပင် စိုက်ပျိုးရေးအတွက် ကျေးရွာပြည်သူများ ပူးပေါင်းဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားသည်။

ပညာပေးဇာတ်လမ်း

ထို့နောက် တောအုပ် ဦးမြင့်ငွေးလှိုင်နှင့်အဖွဲ့သည် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပြည်သူများအား အိုးပိုင်အိမ်ပိုင် ပညာပေးဇာတ်လမ်းခွေကို ကွင်းဆင်းပြသပေးခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

မိုင်းဖြတ်မြို့တွင် ကတ္တရာလမ်းသစ်ဖွင့်

မိုင်းဖြတ် မေ ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ကွက်သစ်(၁)လမ်း ကတ္တရာလမ်းသစ်ကို မတ် ၂၇ရက်က အဆိုပါမုခ်ဦး၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဖွင့်လှစ်ပေး

လမ်းဖွင့်ပွဲအခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်စိုးဝင်း တက်ရောက်ချီးမြှင့်ပြီး ကတ္တရာလမ်းသစ်ကို ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးမြသောင်း၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးသက်မြင့်ဦးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်ဦးတို့က ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာသူများက လမ်းသစ်ကို လှည့်လည်ကြည့်ရှုကြသည်။

ကုန်ကျ

အဆိုပါလမ်းသစ်သည် အရှည် ပေ ၈၅၀၊ အကျယ် ၁၂ပေ ဖြစ်ပြီး တန်ဖိုးငွေကျပ် ၇၂၀၀၀၀၀ ကုန်ကျခဲ့သည်။ **(ပြည်နယ် ပြန်/ဆက်)**

စာကြည့်တိုက်ဆောက်လုပ်ရေး ငွေလှူဒါန်း

ညောင်လေးပင် မေ ၂၀

ပဲခူးခရိုင် ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့မ(၄)ရပ်ကွက် ဦးစံဒွန်းကုန်းကျေးရွာရှိ ဘိုးဘွားပိုင်မြေ၌ မေ ၁၃ရက်က ရန်ကုန်မြို့ အင်းလျားရိပ်သာလမ်း အမှတ်(၆/အေ)နေ အလှူရှင် သီရိသုဓမ္မသင်္ဂီ ဒေါ်မြရင် (မြသီရိဆေးတိုက်) မိသားစုက ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် ၁၈ သိန်းကို ပေးအပ်လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိ ဒေါ်တင်တင်ဦးက လက်ခံယူသည်။ **(အပေါ်ပုံ)**

ရည်ရွယ်လှူဒါန်း

စာကြည့်တိုက်မှာ တစ်ထပ်၊ အုတ်ညှပ်၊ သွပ်မိုး အဆောက်အအုံဖြစ်ပြီး တန်ဖိုးငွေကျပ် ငါးသိန်းနှစ်သောင်းလေးထောင်ခန့်ရှိ သုတ/ရသစာအုပ်ပေါင်း ၈၇၀ အပါအဝင် စားပွဲ၊ ကုလားထိုင်၊ ဗီရို၊ တီဗွီ၊ ရေဒီယိုများကို စံ(၅)ရပ်နှင့်အညီ စာကြည့်တိုက်တစ်တိုက် ဖြစ်စေရန် ရည်ရွယ်လှူဒါန်းကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ငါးသယံဇာတ ထိန်းသိမ်းရေး ငပုတော၌ ဟောပြောပွဲများကျင်းပ

ငပုတော မေ ၁၂

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငပုတော မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ငါးသယံဇာတထိန်းသိမ်းရေး ဟောပြောပွဲ အခမ်းအနားကို မေ ၉ရက် နံနက် ၈နာရီက ငပုတောမြို့နယ် ဝက်ဆူကျေးရွာ၌ လည်းကောင်း၊ နံနက် ၁၁ နာရီတွင် ငပုတောမြို့နယ် ဖျံရေကျော်ကျေးရွာ၌ လည်းကောင်းကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ယုက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ဒုတိယမြို့နယ် ရဲတပ်ဖွဲ့မှူး ဦးနိုင်အောင်ဝင်းက ဥပဒေများနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှအောင်သိန်းက ငါးသယံဇာတထိန်းသိမ်းရေးနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားကြသည်။ **(အောက်ပုံ)**

တက်ရောက်

အခမ်းအနားသို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာဦးဌေးမြင့်၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးထင်လင်းကျော်နှင့် ကျေးရွာ ဥက္ကဋ္ဌများ၊ ရေလုပ်သားများ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပုသိမ်၌သန့်ရှင်းရေးဆောင်ရွက်

ပုသိမ်မြို့ ပုသိမ်တက္ကသိုလ်လမ်း လမ်းဘေးဝဲယာမြက်များ၊ ချုံနွယ်များနှင့် အမှိုက်သရိုက်များမရှိရေးအတွက် ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ သန့်ရှင်းရေးဌာနစိတ်မှ ဒုတိယဦးစီးမှူး (သန့်ရှင်းရေး) ဦးမျိုးထိုက်ဝင်းနှင့် သန့်ရှင်းရေးဝန်ထမ်းများက ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးအောင်မင်းနိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်၊ မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်း ချက်ပြုတ်ခြင်းမပြုစေရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးလုံခြုံရေး လေ့ကျင့်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူ ဈေးသားများ မေ၅ရက်က ဆောင်ရွက်ရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် ကိုကိုလတ်၊ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်၊ အမှုဆောင်အရာရှိ ဦးကျော်စွာလင်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမြတ်စိုး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစောနောင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် မေ ၂၁

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၄၈/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၄၈/၂၀၁၀)
၁၃၇၂ခုနှစ်၊ နယုန်လဆန်း ၉ ရက်
(၂၀၁၀ပြည့်နှစ်၊ မေလ ၂၁ ရက်)

ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ် (UNION KAYIN LEAGUE) အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ ဦးလူနီလမ်း၊ အမှတ်(၁)၊ စောတေလိန်းတွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ် (UNION KAYIN LEAGUE) အား ၂၀၁၀ပြည့်နှစ်၊ မေလ ၂၁ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ် (UNION KAYIN LEAGUE)၏ မှတ်ပုံတင်အမှတ်မှာ (၁၁) ဖြစ်ပါသည်။

အမိန့်အရ
(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ဆိုင်ကလုန်းမုန်တိုင်း လိုင်လာ အရှေ့မြောက်ဘက် ဆက်ရွေ့လျား ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းသို့ ရောက်ရှိနိုင်သဖြင့် စောင့်ကြည့်လျက်ရှိ

နေပြည်တော် မေ ၂၁

ယနေ့ ညနေ ၅နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ မာချီလီပတ္တနမ်မြို့ (Machili - patnam) အနီးတွင် ကုန်းတွင်းမုန်တိုင်းအဖြစ် တည်ရှိနေသော ဆိုင်ကလုန်းမုန်တိုင်း လိုင်လာ (Laila) သည် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ နောက် ၄၈နာရီအတွင်း ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းသို့ ရောက်ရှိနိုင်သဖြင့် အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်လျက်ရှိသည်။

မုန်တိုင်း၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်ရွေ့လျားခြင်းမရှိဟု သတ်မှတ်သည်။

တိုက်ခတ်နိုင်

အဆိုပါ မုန်တိုင်း၏ အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ ခန့် တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မြန်မာ့အလင်း သဘာဝဘေးအန္တရာယ် ဖောင်ပိတ်သတင်း

ဆိုင်ကလုန်းလိုင်လာ ဆက်လက်ရွေ့လျား နောက်နှစ်ရက်အတွင်း မိုးသည်းထန်နိုင်

ဟိုက်ဒရာဘတ် (အိန္ဒိယ) မေ ၂၁

အိန္ဒိယနိုင်ငံတောင်ပိုင်း အန်ဒရာပရာဒေ့ရှ်ပြည်နယ်၌ လွန်ခဲ့သောနှစ်ရက်က လိုင်လာအမည်ရှိ ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်ခဲ့သဖြင့် မေ ၂၁ရက်အထိ သေဆုံးသူ ၂၃ဦး ရှိသွားပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ (ဝဲပုံ)

စာမျက်နှာ ၃ ကော်လံ ၁ ❍

22-5 (20).pmd 1 5/22/2010, 1:34 AM